
www.burmeseclassic.com
ထိတ်လန့်ချောက်ချားဖွယ်ဝတ္ထု
သုံးဆယ့်ခြောက်ကောင်တစ္ဆေ
BURMESE CLASSIC .com
ဝန်း ဆိုသိန်း ရွှေကြည်
2010
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၄၃၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၀၁၁၁၁၀
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❋ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓဝါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❋ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❋ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❋ **ဖြန့်ချိရေး**
**ရွှေရင်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ကေရီ
သုံးဆယ့်ခြောက်ကောင်တစ္ဆေ / မော်ကေရီ။ - ရန်ကုန်၊
ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၀။
၁၁၆-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) သုံးဆယ့်ခြောက်ကောင်တစ္ဆေ

BURMESE CLASSIC .com

သို့

မော်ကေရီ ...

ဆရာမရဲ့ ပွဲဦးထွက် ဝတ္ထုဖြစ်တဲ့ မော်ဝင်ရဲတိုက်မှ ဝိညာဉ်တစ္ဆေ ဇာတ်လမ်းဟာ နာဂစ်မုန်တိုင်းနဲ့ ဆက်နွယ်နေတယ်ထင်ပါတယ်။ နာဂစ်ဖြစ်တဲ့နေရာကိုသွားပြီး တကယ်ရေးခဲ့တာလားဆရာမ...

ကိုဆွေကြီး
ကရင်ချောင်းကျေးရွာ၊ တွံတေးမြို့နယ်။

ဟုတ်ကဲ့ကိုဆွေကြီးခင်ဗျာ ...

ကျွန်တော် ယခင်ပြီးခဲ့တဲ့ (၁၅)နှစ်ဝန်းကျင်ကာလတည်းက တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကိုရေးတာ ဝါသနာပါတဲ့လူပါ။ မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ဘိုကလေးမြို့ရဲ့ ရွာတစ်ရွာကိုသွားပြီး နာဂစ်မုန်တိုင်းကြောင့် မကျွတ်မလွတ်ဖြစ်နေတဲ့ဝိညာဉ်များ ရဲ့ဟိုက်တွင်းထွက်ကပ်နေတဲ့ အကြောင်း အခြေခံပြီး ရေးသားထားတာပါခင်ဗျာ ...

မော်ကေရီ

www.burmeseclassic.com

သို့

မော်ကေရီ …

မော်ကေရီဆိုတာ ယောက်ျားလား မိန်းမလားဆိုတာ ကျွန်တော် သိချင်ပါတယ်။ မော်ကေရီရေးတဲ့ စာအုပ်တွေ လေးငါးအုပ် ဖတ်ခဲ့ဖူးပါတယ်။ ဇာတ်လမ်းတွေကို ကြိုက်နှစ်သက်ပေမယ့် အဆုံးသတ်ပိုင်းရောက်ရင် လျှို့ဝှက်သည်းဖိုဆန်ဆန်ဖြစ်သွားတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဇာတ်လမ်းတည်ပုံယူဆပုံကို တစိမ့်စိမ့်ဖတ်လာပြီးမှ အဆုံးသတ်တဲ့အခါ စာဖတ်သူရဲ့အတွေးနဲ့ဆန့်ကျင်နေသလိုပါပဲ … စာအရေးအသားလည်းကောင်းပါတယ်။ တစ်အုပ်ထွက်ပြီးရင် နောက်တစ်အုပ်မျှော်ရတာ မော်ကေရီရဲ့ပုံစံပဲလား။

စာဖတ်သူတစ်ယောက်အနေနဲ့ မော်ကေရီရဲ့ဝတ္ထုတွေ ပုံမှန်ထွက်လာပါစေလို့ …..

ကိုစန်းသိဟ

လမ်းမတော်လမ်းမ၊ ညောင်တုန်းမြို့။

မော်ကေရီဆိုတာ ယောက်ျားပါ။ စာအုပ်ဆိုရင် မိန်းကလေးများ အဖတ်များသလို မိန်းကလေးနာမည်နဲ့ဆို နာမည်ကြီးတာများပါတယ်။ ဒါကြောင့်မို့ ထရဲဆန်ဆန် မိန်းကလေးနာမည် ပေးထားတာပါ။ ကိုစန်းသိဟ ဂရုတစိုက်ဖတ်ပြီးဝေဖန်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ အခက်အခဲတွေကြားက နောက်ပိုင်းမှာ ဆက်တိုက်ထွက်လာပါတော့မယ် …..

မော်ကေရီ

BURMESE CLASSIC .com

သို့

မော်ကေရီဆိုတာ မိန်းမ စာရေးဆရာမလို့ပဲ သိမီးထင်ပါတယ် ဆရာမ၊ ဆရာမစာအုပ်တွေဖတ်ရတာ နှလုံးတုန်ရင်ခုန်ရတာ အမောပဲ။ ချောက်ချားစရာအခန်းတွေဆို သမီးဆက်မဖတ်ရဲဘူး။ ဆရာမစာအုပ်တွေထဲက အနက်ရောင်ခေါင်းတလား စာအုပ်ကိုအကြိုက်ဆုံးပါပဲ။

နောက်စာအုပ်တွေလည်း အရင်စာအုပ်တွေလို ကြောက်စရာကောင်းအောင်ရေးပါနော် အားပေးနေမယ်။

ရင်ငြိမ်းနိုး

မကွေးမြို့။

သို့

မော်ကေရီ

ကျွန်မက ဂမ္ဘီရသရဲစာအုပ်တွေဖတ်ရတာ ဝါသနာမပါဘူး၊ အချစ်ဝတ္ထုပဲဖတ်တာ … ဆရာမရဲ့ ဇော်ဂနီကဝေပန်းပွင့်စာအုပ်ကို မောင်လေးစာအုပ်အငှားဆိုင်ကငှားလာလို့ ဖတ်ဖြစ်တာ။ အရမ်းသဘောကျသွားတယ်။ ကျွန်မဖတ်ရမယ့်စာအုပ်တွေထဲမှာ မော်ကေရီကလောင်တစ်ခုထပ်တိုးသွားတာပေါ့ရှင် …..

အားပေးလျက် …..

မခင်မိုးဝေ

ဘုရားလမ်း ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာမခင်ဗျား (မော်ဓကရီ)

ဆရာမထွက်ပြီးသား စာအုပ်စာရင်းကို နောက်ထွက်မယ့်အုပ်တွေမှာ ဖော်ပြပေးပါ။ ကျွန်တော့်ဆိုင်မှာ ဆရာမစာအုပ်တွေ သုံးအုပ်လောက်ပဲရှိတော့ စာဖတ်သူတွေငှားရင်ငှားလို့အဆင်မပြေပါဘူး။ စာအုပ်ကိုလည်း လစဉ်ထွက်ပေးပါ။

ကိုမင်းသူ
ပန်းနုဝေ စာပေ
ခေမာသီလမ်း၊ မြောက်ဥက္ကလာပ။

နောက်လထွက်မယ့်စာအုပ်မှာ ဖော်ပြပေးသွားပါ့မယ်။

မော်ဓကရီ

စာဖတ်ပရိသတ်ကြီးခင်ဗျား .....

ပရိသတ်ကြီးရဲ့ အားပါးတရအားပေးမှုကို ကျွန်တော်အစဉ်အမြဲဖြင့် ကျေးဇူးတင်နေမှာပါ။ ရောက်လာတဲ့စာတွေကိုလည်း လစဉ်ဖော်ပြပေးသွားမှာပါ။ ပရိသတ်ကြီး ကျွန်တော့်ဆီ စာရေးလိုလျှင် ရဲရင့်အောင်စာပေ အမှတ်(၂၅)၊ အရှေ့မြို့ပတ်လမ်း ဆရာစံမြောက် အရှေ့ရပ်ကွက်၊ မဟာန်းမြို့နယ်၊ ရန်ကုန်မြို့ မှတစ်ဆင့် ဆက်သွယ်ရေးသားနိုင်ပါတယ်။

မော်ဓကရီ

## ပါဝင်သောအခန်းများ


အခန်း ၁။ သုံးဆယ့်ခြောက်ကောင်တစ္ဆေ
အခန်း ၂။ ပေါက်ကောင်ဖွင့်သည့်နေ့
အခန်း ၃။ လူများ၊ ဘဝများ၊ ဖြစ်ရပ်များ
အခန်း ၄။ ငတေက်ကောင်းတဲ့နေ့
အခန်း ၅။ အတိတ်ရယ်၊ နိမိတ်ရယ်
အခန်း ၆။ သိုက်တူးသမား
အခန်း ၇။ အိပ်မက်နှင့်အားပြိုင်
အခန်း ၈။ ရင်နှင့်ရင်းခဲ့ရသော
အခန်း ၉။ အကျွတ်မလွတ်သော မြကြေးမုံ
အခန်း ၁၀။ အရက်သမား သရဲ
အခန်း ၁၁။ နတ်ကွန်းရှေ့မှ တစ္ဆေ
အခန်း ၁၂။ ပေါက်ကောင်လာပေးသူ


www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၃။ သူကြီးအိမ်ရောက်ငတေ
အခန်း ၁၄။ အိပ်မက်ပေါက်ကောင်
အခန်း ၁၅။ တစ်ခါတုန်းကဖောတ်လမ်းတစ်ပုဒ်
အခန်း ၁၆။ အကုသိုလ်ကံ
အခန်း ၁၇။ နောက်ဆုံးပေးသည့်အိပ်မက်
အခန်း ၁၈။ သူတင်ကိုယ်တင်လောင်းမည့်နေ့
အခန်း ၁၉။ ကျွတ်စေ လွတ်စေ

BURMESE CLASSIC .com

## သုံးဆယ့်ခြောက်ကောင်တစ္ဆေ

အုတ်များစီထားသောအခန်းက အလွန်ပင်ကျဉ်းလွန်းလှသည်။ အကျယ် (၁၀) နှင့် အလျား (၁၅) ပေထက်ပိုမည်မထင်။ အခန်းအတွင်း စိုစွတ်လျက် ရေညှိများကလည်း နေရာအနှံ့အပြား။ သည်ကြားထဲ ပုပ်ဟောင် ဟောင် အနံ့အသက်က ထွက်နေသေးသည်။ အလင်းရောင် လုံလုံလောက် လောက်မရှိ။ ဝင်ပေါက်ကို သံတိုင်များနှင့်ကာဆီးထားသေး၏။

ဦးမင်းယာသည် အခန်းကျဉ်းထဲ၌ ဘာကြောင့်ရောက်နေပါသလဲ။

စဉ်စားသည်။ စဉ်းစားမရ။

ပြစ်မှုတစ်စုံတရာကြောင့်လည်းမဟုတ်။

မလိုမုန်းထားသူတစ်ယောက်က ချုပ်နှောင်ထားခြင်းမျိုးလည်း မဟုတ်။

မိမိသဘောဆန္ဒအတိုင်း ဝင်ရောက်လာခြင်းတော့ လုံးလုံးမဖြစ်နိုင် သည့်ကိစ္စ။ ထိုသို့ဆိုလျှင် ဖြစ်နိုင်ချေက ဘာများဖြစ်နိုင်ပါသလဲ။ တွေးလေ၊ တွေးလေ လုံးလည်ချာလည်လိုက်လေပင်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူပြန်ကြည့်သည်။

အပေါ်ပိုင်းဗလာ။ အောက်ပိုင်းက ပုဆိုးတင်မဟုတ် နံငယ်ပိုင်းသာသာ အရှက်လုံရုံလေး။ ပေါင်တံတစ်လျှောက် ထိုးကွင်းမင်ကြောင်တွေကို အကွင်းလိုက် အကွင်းလိုက်မြင်နေရသည်။

သူတို့ခေတ်၊ သူတို့အခါက ဆေးမှင်ကြောင်ပေါင်လယ်ထိုးမှ ယောကျ်ားပီသသည်ဟု အမှန်းတင်ကြသည့်ခေတ်။ တချို့သျှောင်တစ်စောင်းတွေတောင် ရှိသေးတယ်။

"ဒိ ...ဂိ ...ဂိ ..."

"ဒိ ...ဂိ ...ဂိ ..."

"ဒိ ...ဂိ ...ဂိ ..."

အာပြင်မှမောင်းထုသံသုံးချက်ကိုကြားရသည်။ မြင်တော့မမြင်ရ။ မောင်းထုသံကို ရင်နှီးသလိုရှိသော်လည်း ဘယ်လိုရင်းနှီးမှန်းမဝေခွဲတတ်။

ဒါ ... ဘာကြောင့်များပါလဲ။

အကြောင်းတစ်ခုခုတော့ရှိပါလိမ့်မည်။

ထိုစဉ် ...

သံတိုင်ရှေ့သို့ရောက်လာသော သတ္တဝါတစ်ကောင်။

"အမလေး"

မြွေဟောက်တစ်ကောင်။

သူအလန့်တကြားထ,အော်လိုက်သည်။ မြွေမှာ ကန္တြေ့ရရပင် သူ့ဘက်သို့လှည့်လိုက်သည်။ သူမြွေဆိုလျှင် ဘာမြွေဖြစ်ဖြစ်သေမလောက်ကြောက်သည်။ သေလျှင်တောင်မြွေပေါက်၍ မသေပါစေနှင့်ဟု ဆုတောင်းခဲ့သူ။





သံတိုင်ရှေ့သို့ နောက်သတ္တဝါတစ်ကောင် ထပ်ရောက်လာပြန်သည်။

နဂါး အမောက်ပြူးပြူးကြီးကိုထောင်လျှက် ...။

နောက် ...

ဖား၊ ကြွက်၊ ဝက်၊ ဒေါင်း၊ မျောက်၊ လိပ်၊ ငါး ...။

"ဘာတွေလဲ ... ဘာတွေလဲ"

နောက် ...

ကြွက် ...၊ ယုန်၊ ကျားနှင့် ဆင်အသေးစားလေး ...။

"ဟာ ... လုပ်ကြပါဦး၊ ဘာတွေဖြစ်ကုန်ပြီလဲ"

နောက်ရောက်လာသည့် သတ္တဝါတွေကို သူ မမှတ်မိတော့ ... ။ သိလည်းမသိချင်တော့။ တစ်ကောင်ပြီးတစ်ကောင် ရောက်လာတာတွေက မနည်း။

"ကျွိ ...ကျွိ ...ကျွိ ..."

အလန့်တကြားဖြစ်နေစဉ်မှာပင် သံတိုင်ကြီးက အပေါ်သို့တက်သွားသည်။ သူနှင့်သတ္တဝါတွေကြား အတားအဆီး ဘာမှမရှိတော့။

"အာ ... အား ..."

အကောင်တွေရှေ့သို့တိုးလာသည်။ သူ့ပတ်ပတ်လည်မှာ နံရံတွေ။ သူဘယ်သို့ပြေးနိုင်ပါမည်လဲ။

"အမလေး ... ကယ်ကြပါဦး ... ကယ်ကြပါဦး"

အသံကုန်အော်ဟစ်သည်။ ငယ်သံပါအောင်အော်သည်။ သို့သော် အချည်းအနှီးပင်။

အကောင်တွေက သူ့အသားကိုကိုက်ဖဲ့စားသုံးကြသည်။ နာလိုက်သည့်ဖြစ်ချင်း။ အသက်ဘယ်ကထွက်ရမှန်းမသိ။

www.burmeseclassic.com



"အမလေး ...နာတယ်ဗျ ...နာတယ်"

အသားတွေတစ်စစီပဲ့ထွက်ကုန်သည်။ သွေးတွေက နေရာအနှံ့ မြင်မကောင်း။ တချို့နေရာတွေဆို အတွင်းမှအရိုးတွေပေါ်လာပြီ။ ဗိုက်က ကလီစာတွေကကြွက်ဆွဲထုတ်သွားပြီ။ ကြက်က အစာအိမ်ထဲကအစာတွေကို ကောက်စားနေသည်။ ကျားက သူ့ညာဘက်လက်ကိုဆွဲခါနေ၏။

တကယ်ဆိုလျှင် သည်လိုအချိန်အခါမျိုးတွင် သူသတိလစ်ဖို့ဒါမှမဟုတ်သေသွားဖို့ကောင်းနေလေပြီ။ ခုတော့ ဒီလိုမဟုတ်။ နာကျင်မှုကိုသာအရိုးကွဲမတတ်ခံစားနေရသည်က ဆန်းကြယ်လွန်းလှ၏။ ဘယ်လိုဝဋ်ကြွေးများပါလဲ။

"အမေရေ ...ကယ်ပါဦးဗျ။ နာလွန်းလို့ပါ၊ နာလွန်းလို့ပါ"

BURMESE CLASSIC .com

မကြာပါချေ။

တစ်ကိုယ်လုံးတွင် အရိုးတွေသာကျန်တော့၏။

ပါးပြင်မှာ အရေပြားတွေမရှိတော့။

ကိုယ်လုံးတွင် နံရိုးအပြိုင်းပြိုင်း။

အောက်ပိုင်းတွင်လည်း ထိုနည်းတူ ခြေထောက်ရိုးနှစ်ချောင်းသာရှိတော့၏။ ကိုယ့်ကိုယ်ကိုယ် ပြန်မကြည့်ရဲအောင်ပင် ...။

အကောင်တွေက စားလို့သောက်လို့ဝသွားပြီထင်သည်။ တစ်ကောင်ပြီးတစ်ကောင်ပြန်ထွက်သွားကြ၏။ သူ့နံဘေးတွင် စားကြွင်းစားကျန်တွေကမြင်မကောင်းရှုမကောင်း။ သွေးတွေနှင့် အသားတွေကပြန့်ကျဲနေသည်။

"အမေရေ ...သားဘဝပျက်ပါပြီဗျ"

သူ အော်ဟစ်ကာငိုကြွေးလေတော့၏။ သည်းကြီးမည်းကြီးငိုသည်။ ကြွေကြွေကွဲကွဲငိုသည်။ မချိမဆန့်ငိုသည်။





ထိုစဉ် ...

သံတံခါးကြီးမှာ မူလအတိုင်းပြန်လည်စေ့ပိတ်သွားလေသည်။

"ဂျိမ်း"

ﾠ♦ﾠ



www.burmeseclassic.com

www.burmeseclassic.com

## ပေါက်ကောင်ဖွင့်သည့်နေ့

သည်ကနေ့ ကျောက်စက်ကန်ရွာကြီးတစ်ခုလုံး မိုးလင်းကတည်းက သက်ဝင်လှုပ်ရှားနေသည်။ တစ်နည်းဆိုရလျှင် ရင်ခုန်မှုတွေနှင့် ပြည့်နှက်နေ သည်။

တချို့ဆို ညက တစ်ရေးမှအိပ်မပျော်သူတွေရှိသည်။

တနင်္ဂနွေအပတ်စဉ်တိုင်း သုံးဆယ်ခြောက်ကောင်လောင်းကစားဝိုင်း ဖွင့်မည့်နေ့ဖြစ်သောကြောင့်ပင်။

တချို့ကတွက်ကြချက်ကြ။ တချို့က အတိတ်စိမ်းတွေကို အမိပ္ပါယ် ကောက်ကြ။

တချို့ဆို အိပ်မက်တွေ အလုအယက်မက်ကြ။ ထိုရက်ရောက်ပြီ ဆို တစ်ရွာလုံးလိုလို အလုပ်ကိုဖြောင့်အောင်မလုပ်နိုင်ကြတော့။

ထိုလောင်းကစားဝိုင်းများမှာ အင်္ဂလိပ်တို့သိမ်းပိုက်ထားစဉ် ပြည်သူ တွေ ပျော်ရွှင်စွာကံစမ်းနိုင်ရန် အခွန်ကောက်ယူလျက် တရားဝင်ဖွင့်လှစ်ပေး ထားခြင်း ဖြစ်၏။





"ဘဒွေးကောင်း ... ကျုပ်တို့အိမ်ကိုရေနွေးဝင်သောက်ကောင်းပါ တယ်ဗျ"

စံညွန့်က ... ဦးကောင်းသော်ကို သူ့တဲအတွင်းမှလှမ်းခေါ်သည်။ သည်လိုစကားပြောဖော်ရှိလျှင် ဦးကောင်းသော်တို့ နေနိုင်တာမဟုတ်။ မျက်နှာ လေး ခပ်ပြုံးပြုံးဖြင့် ဝင်လာတော့သည်။

"ဘယ့်နှယ့်လဲဟေ့ _ ဒီနေ့ဘာကောင်မှန်းထားလဲ"

ပြောရင်းဆိုရင်းဝင်ထိုင်သည်။ စံညွန့်က ရေနွေးတစ်ပန်းကန်ငှဲ့ပေး ရင်း ...

"ဒိုင်တွေပေးထားတဲ့ အတိတ်စိမ်း (၃)ခုရှိတယ်လေ ဘဒွေးရဲ့"

"နို့ _ မင်းရတဲ့ အတိတ်စိမ်းက ဘယ်လိုဟာမျိုးတုန်း"

"တစ်သက်ကြင်ဖော် မခွဲနော် အတူပေါင်းဖက် လည်ချင်းယှက်"

"တစ်သက်လုံးတစ်ကောင်ဆို တစ်ကောင်ပဲ ပေါင်းဖက်ပြီး နေသွားတဲ့ အကောင်ဆိုလိုတာပဲ၊ ဒါဆို _ ဟင်္သာများဖြစ်နေမလား"

"ငန်းလည်းဖြစ်နိုင်တာပဲ"

"အောက်ချင်းငှက်ရော ဘဒွေး"

"အောက်ချင်းငှက်ကို သုံးဆယ့်ခြောက်ကောင်ထဲမှာ စာရင်းမသွင်း ထားဘူး"

"နောက်အတိတ်စိမ်းတစ်ခုက သုံးဆယ့်ခြောက်ကောင် အမြီးထောင် လူလား၊ နတ်လား မခွဲခြားတဲ့"

"ဟေ့ _ ဟေ့ _ ဒါဆို နဂါးဆိုတာ သေချာသွားပြီကွ၊ တခြားဘာမှ မစဉ်းစားနဲ့"

"နောက်တစ်ခုက ရေမှာလည်းပျော်၊ ကုန်းမှာလည်းပျော်၊ ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်၊ အိပ်မက်မက်''

''မိချောင်းကွာ''

''လိပ်လည်းဖြစ်နိုင်တာပဲ''

ဦးကောင်းသော်က ရေနွေးပူပူတစ်ခွက်ကို မှုတ်သောက်လိုက်၏။ သူတို့နှစ်ယောက် ဘာကောင်ထိုးရမှန်း တိတိပပမခန့်မှန်းနိုင်သေး။ ထိုအခိုက် သူတို့တဲရှေ့မှ မိန်းမတစ်ယောက်ဖြတ်သွားသည်။

''ဗျို့ ... မတင်လှ ဘာအကောင်ရထားသေးတုန်းဗျ''

သူမက တဲအတွင်းသို့မဝင်။

''ညက ကျုပ်အိပ်မက်မက်တာတော့ ဝက်တွေ ကျုပ်ဝိုင်းထဲဝင်လာလို့ တဲ့တော့၊ ထင်ထင်ရှားရှားကိုမက်တာ၊ အဲဒါကြောင့် ဘာမှမတွေးတော့ဘူး။ အချိန်မလေးရှိတုန်း 'ဝက်'ကိုပဲသွားထိုးမလို့''

မတင်လှကအိပ်မက်သမား။ မက်လိုက်သည့်အိပ်မက်တွေက တစ်ပုံတစ်ခေါင်း။ လူအိပ်မက်ကို သိပ်မမက်၊ တိရစ္ဆာန်အိပ်မက်တွေသာမက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ပေါက်ကောင်ပေါ်သည်ကနည်းနည်း၊ လွဲသည်က ခပ်များများ။

''သွားဦးမယ်တော်၊ သွားဦးမယ်''

''ကြွ ကြွ''

သူတို့နှစ်ယောက် ပြုံးတုံ့တုံ့ဖြင့်ကျန်ရစ်သည်။

ကျောက်စက်ကန်ရွာကြီးမှာ အိမ်ခြေထောင်ကျော်သည်။ အနီးတွင် ပဥ္စမကုန်း၊ သိမ်တော်၊ ခင်လှ၊ ခွေးဖြူကုန်းတို့ရှိသည်။ ကျောက်စက်ကန်ရှိ သုံးဆယ့်ခြောက်ကောင်ဒိုင်မှာ ဦးချမ်းသာ၊ နာမည်နှင့်လိုက်ဖက်ညီတွေရှိသည်။ ဘိုးဘွားစဉ်ဆက်က ချမ်းသာလာသူတွေ။





အသက်က (၇၀) နီးပါးရှိပြီ။ မိန်းမက မကျင်မြ သားတွေမြေးတွေက မနည်း။ မသေခင်ကတည်းက အားလုံးအမွေခွဲပြီးပြီ။

ဦးချမ်းသာ၏ ထူးခြားသောစရိုက်မှာ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်းပင်။ ဆင်းရဲချမ်းသာမရွေး တစ်တန်းစားတည်းပေါင်းသည်။ အလှူအတန်း ပေးရာ၌လည်းရက်ရောသည်။ ဘုရားတည် ကျောင်းဆောက်ရာတွင်လည်း ရှေ့ဆုံးက။ ထို့ကြောင့် လူချစ်လူခင်ပေါသည်။ လေးစားသူပေါသည်။

ယခုလည်း သည်လုပ်ငန်းကို သားကြီးနှင့် သားလတ်တို့က ဦးစီးကြခြင်းဖြစ်သည်။ သူက အုပ်ချုပ်လမ်းညွှန်ရုံသက်သက်။

ပန်းမျိုးစုံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ရှာသူရှာသားတွေက ပူဇော်ပသထားကြသည်။ နတ်ကွန်း၏အရှေ့တွင် ကွက်လပ်ကျယ်ကြီးရှိသည်။ ယင်းနေရာမှာ သုံးဆယ့်ခြောက်ကောင် ပေါက်မဲဖွင့်ရာနေရာပင်။

ဦးချမ်းသာက သူစိတ်ကူးရှိရာ အကောင်တစ်ကောင်၏ရုပ်တုကို အရုဏ်မတတ်မီကပင် သေတ္တာအတွင်းမှထုတ်မည်။ သေတ္တာသော့ကို သူတစ်ယောက်တည်းကိုင်သည်။ အရုပ်ရွေးချယ်မှုကို သူတစ်ယောက်တည်းလုပ်သည်။

ဘယ်သူ့ကိုမှ အသိမပေး။ ယုတ်စွအဆုံး သူ့မိန်းမ မကျင်မြပင်မသိ။

ဒါက သူလုပ်လာသော လုပ်သက်တစ်လျှောက် အဓိကထားသော လျှို့ဝှက်ချက်။

ထို့နောက် ရုပ်တုလေးအား ရဲရဲတောက်နေသည့် ကတ္တီပါရှုံ့ကြိုးအိတ်ထဲ ထည့်မည်။ အရှေ့ဘက်မှ နေစတင်ထွက်သည်နှင့် နတ်ကွန်းရှေ့သို့ လာမည်။ ကွက်လပ်၏ အလယ်ဗဟိုတည့်တည့်တွင် ရွေးချယ်ထားသော ပေ ၂၀ အမြင့်ခန့်ရှိ တိုင်တစ်တိုင်ရှိသည်။ ထိုတိုင်၏ ထိပ်တွင် ကတ္တီပါအိတ်လေးကို ချိတ်ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ဒါကို ... လာကြည့်သူတွေရှိသည်။

ကိုင်း ... ပေါက်ကောင်မှန်အောင် ထိုးချင်ရာထိုးကြပေရော့။

ဒိုင်အဖွဲ့လေးတွေ (၅) ဖွဲ့လောက်ထားသည်။ ကိုယ်နှစ်သက်ရာ အကောင်ပုံပါသည့် စက္ကူဖြတ်ပိုင်းလေးတွင် လောင်းကြေးငွေရေးသွင်းလျက် ထိုးနိုင်သည်။ တစ်ပဲ၊ နှစ်ပဲ၊ တစ်မူး ... စသည့်ဖြင့်။ လျော်ကြေးက အဆ (၅၀)။ ပေါက်ကောင်တိုးလျှင် ဘဝပြောင်းသွားနိုင်သည်။ ထူထူမတ်မတ်ဖြစ်သွားနိုင်သည်။ ထို့ကြောင့် လူတွေက မက်မက်မောမော ထိုးနေကြခြင်းဖြစ်သည်။

ညနေ (၄) နာရီထိုးတော့မည်။

ကွက်လပ်ပတ်ပတ်လည်တွင် ရွာသူရွာသားတချို့ ရှန်းစုရှန်းစုရောက်နေကြပြီ။ ရင်ခုန်နေကြသည်။ မိမိထိုးထားသော ဖြတ်ပိုင်းလေးတွေတစ်ကိုင်ကိုင်။

"ပေါက်ကောင်တိုးရင်တော့လားကွာ ... နောက်မိန်းမတန်းယူပစ်မှာ"

"ဒီနေ့ည စားပွဲသောက်ပွဲအတွက်တော့မပူနဲ့ဟေ့၊ ကျိန်းသေတယ်"

"ပေါက်ရင် လယ်လေးတစ်ကွက်လောက် ဝယ်ရမယ်"

"အကြွေးလေးကျေလို့ စီးပွားရေးလေးတစ်ခုလောက် ထူထောင်နိုင်ရင်တော်ပါပြီ"

"ကလေးတွေ အသက်ကြီးပြီ၊ ရှင်မပြုရသေးဘူး၊ နတ်မင်းကြီးရယ် ကယ်လိုက်စမ်းပါ"

ဝိုင်းထဲတွင် တစ်ယောက်တစ်ပေါက် အသံတွေနှင့်ဆူညံနေသည်။ တချို့ကနောက်ရှုတ်ရှုတ်၊ တချို့ကရင်တမမ၊ တချို့က အပတ်တိုင်းရှုံးသည်မို့ မချိမဆန့်၊ အချို့က လယ်ပေါင်အိမ်ပေါင်နှင့် ပုံအောထားသည့်မို့ ဘဝပျက်ကိန်း





ဆိုက်နေသူတွေ။

*ညနေ (၄) နာရီတိတိထိုးပြီ။*

ဦးချမ်းသာ၏ သားကြီးက ကွင်းထဲသို့ဝင်လျက် တိုင်ကိုဖြုတ်ကာ ကတ္တီပါအိတ်ကိုယူသည်။

စောစောက ဆူညံပွက်လောရိုက်နေသည့် လူတွေ။

ခုတော့ ...

အပ်ကျသံပင်မကြားရတော့။

နှလုံးခုန်သံတွေ ကိုယ်တိုင်ပြန်ကြားနေရသည်အထိ။

"ဘုရား ... ဘုရား"

"နတ်မင်းကြီးကယ်ပါ"

"စကြဝဠာတစ်ခွင်လုံးရှိ နတ်အပေါင်းတို့ ကူညီမစ,ပါ"

ကတ္တီအိတ်အတွင်းမှ အရုပ်ကိုနှိုက်ထုတ်လိုက်သည်။

"ဟာ"

"ဟင်"

"အို"

"ပေါက်ကောင်ကတော့ 'ဘဲ' ရုပ်ပဲဖြစ်ပါတယ်"

လူတော်တော်များများ ငိုင်ကျသွားသည်။ ဘယ်လိုမှထင်မထားသည့် ဘဲ။

ဘယ်သူမှ စိတ်မဝင်စားတဲ့ ဘဲ။

ဘယ်သူမှ မျှော်လင့်မထားတဲ့ ဘဲ။

"ဘာတွေဘယ်လို ဖြစ်ကုန်တာလဲကွာ"

"ငုပ်ကောင်မှ ပြန်ပေါ်ရတယ်လို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးထားတဲ့ အတိတ်စိမ်းကမှန်ပါတယ်တော်၊ ရေမှာလည်းပျော်၊ ကုန်းမှာလည်းပျော်၊ ငြိမ်ငြိမ်သက်သက်အိပ်မက် မက်တဲ့၊ ကျုပ်တို့မကောက် တတ်တာညံ့လို့"

"ဟုတ်တယ်နော် ― ကျုပ်တို့သတိလစ်သွားလို့"

"ညာဏ်မရှိတော့ ခံပေပေါ့"

ဝိုင်းထဲတွင် ပေါက်သူဟူ၍မရှိ၊ အခြားနေရာတွင်တော့ ရှိကောင်း ရှိလိမ့်မည်။

"ဗျို့မတင်လှ ― ခင်ပျားအိပ်မက်ထဲမှာ ဝက်တွေဝင်လာလို့ဆို"

"ဝက်တွေနောက်မှာ ဘဲတွေပါသေးတာဘော့၊ ကျုပ်ကအစာကျွေး မလို့လုပ်နေတာလေ"

"နောက်ဆို အိပ်မက်ကို သေသေချာချာမက် ― ဟား ― ဟား"

သည်တစ်ပတ်တော့ ပြီးသွားပြန်ပြီလေ။

မျက်နှာတွေက မသာမယာတွေ။ မအီမလည်တွေ။ မဲ့ပြုံးတွေ။ နောက်တစ်ပတ်တော့ တွေ့ကျသေးတာပေါ့ကွာ ဟူသော မာနကိုယ်စီဖြင့်ပြန်လာ ခဲ့ကြသည်။

ကျောက်စက်ကန်ရွာ သည်နေ့ညတော့ တိတ်ဆိတ်ပေဦးတော့မည်။

ထို့အတူ ...

လကလည်းကောင်းကောင်းကန်းကန်းသာမည်မဟုတ်။



## လူများ၊ ဘဝများ၊ ဖြစ်ရပ်များ

ဦးမင်းယာ နောက်ဆုံးအရက်ခွက်ကိုမော့လိုက်သည်။ ရောကွက်ား သရက်သီးတစ်စိတ် ကိုက်ဝါးနေမိသည်။

"ဘယ်လိုလဲ စောစောစီးစီးပြန်တော့မလို့လား ဦးမင်းယာရဲ့၊ နည်းနည်းလောက်ထပ်ချသွားပါဦး"

"တော်ပြီ ငတေ ... စိတ်ညစ်လွန်းလို့သာသောက်တာ သမီးက နေကောင်းတာမဟုတ်ဘူး"

အရက်ချက်ရောင်းသည့် မဖျိုင်းအိမ်တွင် သူတို့နှစ်ယောက်သာကျန် တော့သည်။ မဖျိုင်းက အလုပ်လုပ်နေရင်းမှ သူတို့ဘက်သို့စောင်းငဲ့ကြည့် သည်။

"ရှင့် သမီး ― ဘာဖြစ်တာလဲ တရှောင်ရှောင်နဲ့"

"သမားတော်ကတော့ အဆုတ်နာလို့ပြောတာပဲ"

"မပေါ့နဲ့နော် ― ဒါမျိုးကပြောလို့ရတာမဟုတ်ဘူး"

"ပျဉ်းမကုန်းက ဆရာကတော့ လာကြည့်တာနှစ်ခေါက်ရှိပြီ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ပိုက်ဆံအဆင်မပြေတာနဲ့ ဆက်မပင့်ဖြစ်ဘူး''

"ရှင်က ... တစ်ပတ်တစ်ပတ် သုံးဆယ့်ခြောက်ကောင်ပဲထိုးပစ်တာကိုး''

"ငါလည်း သူ့အတွက်ဆေးဖိုးဝါးခလေးရမလားလို့ လုပ်ကြည့်တာပါဟာ''

"မသေချာတဲ့ အလုပ်ကိုများတော်''

"ကံတရားဆိုတာ ပြောလို့ရမလား''

"ခု ... ရှင်အကြွေးတွေ ထပ်နေပြီမဟုတ်လား''

ဦးမင်းယာ ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်၏။

"ဒါတွေကျုပ်လောလောဆယ် မစဉ်းစားချင်ဘူး အားလုံးကိုမေ့ထားလိုက်ချင်တယ်''

"တော်တို့ယောက်ျားတွေကတော့ ဒါပဲ''

"ဖေ ... ဒီနေ့ည ငါးထွက်ရှာဦးမလား''

"မရှာလို့ဘယ်ဖြစ်ပါ့မလဲ ... အိမ်မှာစားစရာမရှိဘူး''

"ငါပြန်မယ်ကွာ ... မဖျိုး ခုဟာလည်းမှတ်ထားလိုက်ဟာ၊ တစ်ရက်နှစ်ရက်နေရင်တော့ ရှာပေးပါ့မယ်''

"သိပ်ကြာလို့မဖြစ်ဘူးနော် ဦးမင်းယာ၊ ကျုပ်တို့မှာလည်း အရင်း ပြုတ်နေပြီ''

"အေးပါဟာ''

ဦးမင်းယာ မဖျိုးအိမ်မှထွက်လာခဲ့သည်၊ လဆုတ်ရက်မို့ အလင်းရောင် က မှုန်မှုန်မွှားမွှား။

သူ သည်နေ့လောင်းကြေးတော်တော်ပါသွားခဲ့သည်။ ရှိလို့မဟုတ်





ထဲမှာ ငွေတိုးပေးစားသူ ဒေါ်မယ်ခထံမှယူ၍ ထိုးခဲ့ခြင်းဖြစ်သည်။

"မိန်းမသိလို့မဖြစ်ဘူးနော် မမယ်ခ''

"ရှင်ဘယ်လောက်ကြာမှာလဲ''

"နှစ်လထဲပါ''

"အတိုးကတော့ ထုံးစံအတိုင်းနော်''

"အေးပါဟာ ... သိပါတယ်''

အကယ်၍ မိန်းမသာသိခဲ့လျှင် ဘယ်လောက်များ ဒေါသထွက်လေ မလဲ။

သူ့ရွာလယ်လမ်းမအတိုင်းလျှောက်လာခဲ့သည်။

"ဝုတ် ဝုတ် ... ဝုတ် ... ဝုတ်''

ခွေးတွေက သူ့ကိုတွေ့တော့ ထိုးဟောင်သည်။ ခဲလုံးဖြင့် ပစ်ပေါက် ...

"ခွေးသူတောင်းစားတွေ၊ လူ့ကို သူခိုး ဂျပိုးများထင်နေလား''

"ဒုတ်''

"ဂိန် ... ဂိန် ... ဂိန်''

စိတ်ထဲထွေနေသည့်မို့ ပေါက်အားကပြင်းလှသည်။ တချိုးတည်း ပြေးတော့၏။ ရွာတောင်ဘက် လမ်းချိုးလေးကိုကွေ့ဝင်တော့ သူတို့တဲလေး တွင်းမှ မီးရောင်ကိုလှမ်းမြင်နေရသည်။

"သမီးလေး ဘယ်လိုနေမလဲ''

တဲအတွင်းသို့လှမ်းဝင်လိုက်သည်။ မိန်းမက တဲဘေးတွင်ထမင်းချက်နေ း (၁၀) နှစ်အရွယ်အငယ်ကောင်က ရေခပ်နေသည်။ သူက တဲအရှေ့ပိုင်း ကွေးကွေးလေးမှိန်းနေပုံပေါ်သော သမီးဆီသို့အသာလေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက် (၁၅) ပြည့်တော့မည့် သမီးလေးမြကြေးမုံ၊ အပျိုအရွယ်လေး… ရောဂါမဖြစ်ခင်ကဆို အသားအရေစိုစိုပြည့်ပြည့်နှင့် ချစ်စရာကောင်းသည့် သမီးလေး။ ကာလသားတော်တော်များများ မျက်စိကျခဲ့ရသည့် သမီးလေး… မိသားစုအပေါ်အလွန်အလိုက်သိခဲ့သည့် သမီးအလိမ္မာလေး။ အိမ်မှုကိစ္စ… နောက်ပိုင်း ဘာကိုမှပြန်လှည့်ကြည့်စရာမလိုသူ။

ခုတော့ ပိန်ချုံးနေပြီ။ အရိုးပေါ်အရေတင်။ ယခင်ကနှင့် ဘာမှမဆိုင်…

"သမီးလေး"

တိုးဖွဖွလေးခေါ်လိုက်သည်။ သမီးက မျက်လုံးလေး အသာဖွင့်ကြည့်… သည်။

"နေရထိုင်ရတာ သက်သာရဲ့လား"

သမီး ခေါင်းကိုအသာညိတ်သည်။

"မဟုတ်သေးပါဘူး သမီးရယ်"

အဖေက သိသိကြီးနှင့်မေးသည်။ သမီးက အဖေကိုငဲ့ကွက်လျက်… ခေါင်းညိတ်သည်။

ဘယ်လောက်ရင်နာစရာကောင်းလိုက်ပါသလဲ။

"ဆေးသောက်ပြီးပြီလား"

ခေါင်းထပ်ညိတ်ပြန်သည်။

"ကိုမင်းယာ … လာ … ဒီကို၊ သမီးဘာသာ အေးအေးဆေး… နေပါစေ"

ထမင်းချက်နေရာမှ မမယ်တင်လှမ်းခေါ်သည်။ သူက သမီးနားမှ… လျက် သူမအနားသို့သွားသည်။

"တော် … ဒီနေ့ဘယ်လောက်ရှုံးခဲ့လဲ"





"ဘာရှိလို့ … ကစားရမှာလဲ"

"ရှင် … ဟိုချေး၊ သည်ချေး လုပ်ခဲ့ရင် ဘယ်နှယ့်လုပ်မလဲ"

"မလုပ်ပါဘူးကွာ"

"ကြွေးရှင်တွေလာတောင်းတိုင်း ကျုပ်ကဒိုင်ခံရှင်းနေရတာ"

မမယ်တင် ထမင်းအိုးကိုတစ်ချက်မွှေလိုက်ပြီး ကန်စွန်းရွက်တွေကို …င်နေသည်။

"ကျုပ်သမီးကို ဆရာပြောင်းပြချင်တယ်၊ မယ်ဖော့တို့ပြောတာတော့ …ကျင်းက ဆရာကကောင်းသတဲ့၊ ရောဂါဘယ်လောက်ဆိုးနေဆိုးနေ သူနဲ့ …တွေ့လိုက်တော့ ရက်ပိုင်းအတွင်းပျောက်ကုန်တာတဲ့"

"ဆရာပင့်ဖို့ ငွေက … "

"ရှာရမှာပေါ့တော့ … "

"ဘယ်လိုရှာမှာလဲ … "

"ကျုပ်တို့ဝိုင်းလေးကိုပေါင်မယ်"

"ဟာ … မဖြစ်ဘူး၊ မဖြစ်ဘူး"

အိမ်နှင့်ဝိုင်းကိုပေါင်လို့မဖြစ်။ ဒေါ်မယ်ခင်ထံ ဒါလေးကိုအကြောင်းပြပြီး …တိတိယူထားသည့်ငွေက နည်းသည်မဟုတ်။

"ဘာလို့ မဖြစ်တာလဲ"

"အိမ်နဲ့ဝိုင်းပျောက်သွားလို့တော့မဖြစ်ဘူး မမယ်တင်၊ အတိုးကကြီး …နဲ့ နေစရာမရှိရင် ဒုက္ခရောက်မယ်"

"အိုတော် … ဆုံးတော့လည်းဘာအရေးလဲ၊ ရွာပြင်ထွက် တဲထိုးနေ …"

"နေစမ်းပါဦးဟာ … ငါကြံပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ရှင့်ပြောလိုက်ရင် အဲလို ခပ်လွယ်လွယ်ချည်းပဲ''

''ဒါဟာ _ ငါ့သမီးပါမမယ်တင်ရယ်၊ မယားပါသမီးမဟုတ်ပါဘူ

မမယ်တင်က မျက်စောင်းထိုးသည်။

''ဟိုကောင် ... ရေခပ်ပြီးရင် ပန်းကန်တွေဆေးထား''

ဦးမင်းယာ တဲရှေ့သို့ထွက်လာခဲ့သည်။ ဆေးလိပ်ကိုမီးညှိ၍ကာ ထော

ထောင်းထအောင်ဖွာသည်။

သည်ကနေ့ထိုးခဲ့တာ 'ငန်း'။ သီသီလေးလွဲသွားသည့် ကိစ္စ။ ဘဲ

ထိုးရန် စိတ်ကူးပေါ်ခဲ့သေးသည်။ ဖြတ်ပိုင်းဖြတ်ခါနီးမှ စိတ်ပြောင်းသွားခြင်း

၏။

''တောက် _ နာလိုက်တာကွာ''

အကယ်၍ ဘဲသာထိုးမိလျှင် အခုချိန်မှာ သူတို့မိသားစုပျော်နေကြ

ဆေးဆရာကို ချက်ချင်းပြေးပင့်လိုက်မည်။

ဘယ်လောက်ကုန်ကုန်။

ဘယ်လောက်ခန်းခန်း။

တင်ထားသမျှအကြွေးတွေ ထိုးဆပ်လိုက်မည်။ အိမ်ကောင်းကော

တစ်လုံးပြင်ဆောက်လိုက်မည်။ သားငယ်ကိုရှင်ပြုပေးလိုက်ဦးမည်။ ပိုသည့်ငွေ

လယ်လေး၊ ကိုင်းလေး ရင်းထားလိုက်မည်။ ဒါဆို ဘာမှ ပူစရာမလိုတော့

''ခုတော့ကွာ ... သောက်တလွဲ''

တကယ်ဆိုလျှင် အခုလိုအချိန်မျိုးတွင် အရက်မူးအောင်သောက်ပ

ကောင်းသည်။

တလောကလုံးကိုမေ့ပစ်ဖို့ကောင်းသည်။ သို့သော် မဖြစ်သေ

အမူးလွန်သွားလျှင် သမီးလေးစိတ်ဆင်းရဲရမည်။ ရောဂါထပ်တိုးနိုင်သည်



ထို့ကြောင့် ...

စိတ်ကိုလျှော့ချလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## ငတောက်ကောင်းတဲ့နေ့

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကကြီးစိုးနေသည်။ လေပြင်းက တဟူးဟူး တိုက်ခတ်ဆဲ ... ။

ငတော ... ။

လက်တစ်ဖက်တွင် လှံရှည်ကြီးကိုကိုင်၍ တစ်ဘက်တွင် မီးအုပ်ဆောင်းကို ကိုင်ထားသည်။ သည်ညတော့ ကျွန်းချောင်းဘက်သို့သွားရန် စိတ်ကူးမရှိ။ ငါးရရန်မှာ မသေချာ။ အဓိကငွေလိုနေသည်။ အရေးတကြီးပင်ငွေလိုနေသည်။ သည်ကနေ့ ချေးငှားကာထိုးထားသော အကြွေးတွေကိုမနက်ဖြန်ဆပ်မှဖြစ်မည်။ မူးမူးနှင့် ကတိပေးလိုက်ပြီးဖြစ်သည်။ မဆပ်နိုင်လျှင် သူခွေးလုံးလုံးဖြစ်မည်။

ငတော ဥစ္စာစောင့်ကုန်းနားရောက်တော့ ကြက်သီးနည်းနည်းထ,သွားသေးသည်။ ဟိုအရင်က သည်ကုန်းနားမည်မရှိသေး။ ရွာသားတချို့ သွားရင်းလာရင်း ချောချောလှလှ မိန်းကလေး တစ်ဦးစ,နှစ်ဦးစမြင်လိုက်ရသည် ဟူသော အချိန်မှစကာ ဥစ္စာစောင့်ကုန်းဟုတွင်သွားခဲ့ခြင်းဖြစ်သည်။

ထိုကုန်းကိုဖြတ်ကာ အတော်သွားမိလျှင် တာရိုးတစ်ခု။ ယင်းကိုကျော်





လိုက်လျှင် အုပ်အုပ်ဖားဖားအလွန်ကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်ကိုတွေ့ရသည်။ မှတ်ဆိတ်တွေက တဖွားဖွားတလွင့်လွင့်။ လေတိုက်လျှင် သစ်ရွက်တွေ ကယိမ်းထိုးနေသေး၏။

ညောင်ပင်တစ်ဘက်တွင် ကေစတုဆိုသော ရေကန်ကြီးရှိသည်။ ထိုရေကန်က ငါးများကိုဘေးမဲ့လွှတ်ထားရာကန်။ ခါကြီးရက်ကြီးရောက်တိုင်း ရွာနီးချုပ်စပ်မှ ရွာသူရွာသားများ ငါးလွှတ်ပွဲပြုလုပ်ရာနေရာ။ ရွာသူကြီးက ထိုကန်မှ ငါးများကို မည်သူမှဖမ်းဆီးဖြင်းမပြုရဟု အပြင်းအထန်တားမြစ်ထားသည့်နေရာ။ ဖမ်းသူတို့မိလျှင် ခြောက်ပေါက်ထိပ်တုံးခတ်လျက် ခပ်ခပ်မြှားမြှားဖြစ်သည်အထိ ကြိမ်ဒဏ်ပေးခံရမည်ဟု ဆိုထားသောနေရာ။

သည်လိုအချိန်မျိုးတွင် ငတောကြောက်မနေတော့။ တစ်ခုလိုလျှင် တစ်ခုတော့ ရင်းရပေမည်။

ကန်ကြီးနားသို့ရောက်ပြီ။

လေငြိမ်သွားပြီဖြစ်သောကြောင့် မီးအုပ်ဆောင်းထဲမှ မီးခွက်ကို ထွန်းလိုက်သည်။ နောက် ... ကန်စပ်တွင်ရပ်၍ တစ်ချက် အကဲခတ်လိုက်သည်။

ဦးခေါင်းကိုတစ်ချက်စောင်းကာ ညာဘက်လက်တွင် ပခုံးနှင့်ထိန်းထားသော လှံကအဆင်သင့်။ ကမ်းပေါ်တွင်မေးတင်၍ မှေးနေသောငါးရံ့ကြီးတစ်ကောင်။ ခြေသလုံးလောက်တော့ရှိမည်။

စိတ်ကိုငြိမ်ငြိမ်ထားကာ အသားကုန်ထိုးစိုက်လိုက်၏။

"စွပ်"

"ဝုန်း ... ဝုန်း ... "

ငတောလှံက ငါးရံ့ကြီး၏ ကုပ်သားကိုဖောက်ထွင်းပြီး မလှုပ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖိထားပြီးမှ နှုတ်ယူလိုက်သည်။ ထို့နောက်ပလိုင်းထဲထည့်။ နောက်နေရာပြောင်းလိုက်သည်။ နောက်ထပ် နာရီဝက်ခန့်ကြာသည်အထိ အခြေအနေက ထူးခြားမလာ။ နောက်ထပ် ... တစ်နာရီ၊ ကန်တစ်ပတ်ပြည့်သွားသည်။

အမှုးကပြေချင်နေပြီ။ အရက်ရှိန်လေးမပါလျှင် အလုပ်ကလုပ်လို့မကောင်း။ ထို့ကြောင့် ညောင်ပင်အခြေတွင်ထိုင်ကာ ပါလာသောအရက်ကိုမော့သည်။

ရေမလို။

အမြည်းမလို။

အရသာရှိလိုက်ပါဘိ။

အရက်ကလေး ရင်ထဲဝင်သွားတော့မှ ရှိန်းမြရှိန်းမြနှင့်နေသာထိုင်သာဖြစ်လို့သွားသည်။

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ"

ညောင်ရွက်တွေ၏ လှုပ်ခတ်သံက စိတ်လှုပ်ရှားစရာ။

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ"

ပို၍လှုပ်လာသလိုလည်း ထင်လိုက်ရ၏။

ထိုစဉ် ...

နားထဲသို့ အသံတစ်သံဝင်လာသည်။

"ကျုပ်ကို အရက်နည်းနည်းလောက်တိုက်ပါလား"

"ဟင်"

သူအလွန်အံ့အားသင့်သွားသည်။ ခပ်ဩဩ၊ ခပ်အစ်အစ်အသံ။ ဘယ်က မှန်းလည်းမသိ။

"ဘယ်သူလဲ ... "





ဘေးဘီသို့ အလျှင်အမြန်လှည့်ပတ်ကြည့်သည်။ ခပ်ပါးပါးအလင်းရောင်တွင် မည်းမည်းသဏ္ဌာန်တစ်ခု။

"ကျုပ်က ဒီကန်ကိုစောင့်တဲ့သူ"

ဆံပင်ကစုတ်ဖွားဖွား၊ အသားအရေက မီးသွေးလိုမည်းနက်နေသည်။

"ခင်ဗျား လူလား၊ တစ္ဆေလား"

"ဒါ ... သိပ်အရေးမကြီးပါဘူး"

ငတေ ကြောက်ကြောက်လန့်လန့်နှင့် တစ်ငုံမော့လိုက်ပြန်သည်။

"ကျုပ်ကို နည်းနည်းလောက်တိုက်ပါ"

ပြောသည့်ဟန်ပန်က အသနားခံနေသလိုပင်။ အရက်သမားမို့ အရက်သောက်ချင်သူတစ်ဦးအပေါ် ကိုယ်ချင်းစာလို့ရသည်။ လူဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် ကိစ္စမရှိ။

"ရော့ အကုန်သာသောက်ပစ်လိုက်"

ထိုသူက အရက်ပုလင်းကိုလှမ်းယူလိုက်သည်။ နောက်အားပါးတရမော့သောက်သည်။ ဘယ်လောက် အရက်ငတ်နေမှန်းမသိ။

"အားပါး ... ကောင်းလိုက်တာ"

တစ်ပုလင်းနီးပါးလုံး မရပ်မနား မော့သောက်လိုက်ခြင်းအပေါ် သူ တအံ့တဩ ဖြစ်ရသည်။

"ဒါ ... လူဆိုတာမဖြစ်နိုင်ဘူး"

"အရသာရှိလိုက်တာ"

ထိုသူက နှုတ်ခမ်းအပေါ်တွင် ပေကျံနေသော အရက်များကိုလျှာနှင့် သပ်နေလိုက်သေးသည်။

"ပျတ် ... ပျတ် ... ပျတ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကျုပ်ကပြန်ပြီးကျေးဇူးတုံ့ပြန်ရဦးမှာပေါ့လေ"

ထိုသူက ပြောပြောဆိုဆို ရေကန်ထဲသို့ ငုံ့ပြီး ခုန်ချလိုက်လေသည်။

"ဂုန်း"

ခဏလေးမှ တကယ့်ခဏလေး။

ရေကန်ထဲမှ ခြေသလုံးခန့်ရှိ ငါးကြီးများကို တစ်ကောင်ပြီးတစ်ကောင် ကုပ်ချီး၍ ငတေထံပစ်တင်ပေးနေသည်။

စွပ်ခနဲဒုပ်။ ဘွားခနဲပေါ်၊ ကုပ်ချီး၍ပစ်တင်ပေးပြန်သည်။ (၇)ကောင်ခန့်ရတော့ ထိုသူကုန်းပေါ်တက်လာသည်။

"ဒီည ‥ ဒီလောက်ဆိုတော်ရောပေါ့၊ မနက်ဖြန်ညလာရင် ကျုပ်အတွက် အရက်သာယူလာခဲ့၊ ဘယ့်နှယ့်လဲ၊ ကျေနပ်တယ်မဟုတ်လား"

ငတေ ‥ ဝမ်းသာလုံးဆို့နေလေပြီ။ သည်ငါးတွေသာ ပြန်ရောင်းရလျှင် ငွေတွေ သောက်သောက်လဲရမည်။ ထိုသို့ဆိုလျှင် သူပြဿနာတွေဖြေရှင်းနိုင်ပြီ။

"အား ‥ စိတ်ချ၊ စိတ်ချ၊ ယူလာခဲ့မယ်၊ ယူလာခဲ့မယ်"

"ဟာစ်ခုတော့ရှိတယ်၊ ဒီအကြောင်းတွေ ဘယ်သူမှမသိစေနဲ့"

"သိလို့လည်းမရဘူး၊ ဒီကန်ထဲကဆိုတာသိလျှင် သူကြီးက ကျုပ်ကို ထိပ်တုံးနဲ့ခတ်မှာ"

"ဟုတ်တယ် ‥ ဟုတ်တယ်"

"နေဦး ‥ ဒီငါးတွေဘယ်လိုထည့်မှာလဲ"

"ပလိုင်းနဲ့မဆန့်တော့ ပုဆိုးချွတ်ပြီးထည့်မှာပေါ့"

"အရှက်မရှိတဲ့သူ"





"မှောင်ကြီးမည်းကြီးထဲ ဘယ်သူမှမမြင်နိုင်"

"ဟုတ်ပါပြီ ‥ ဟုတ်ပါပြီ ‥ ကိုင်းကျုပ်သွားမယ်"

သူထွက်သွားရာသို့လိုက်ကြည့်သည်။ ညောင်ပင်ခြေရင်းအရောက်တွင် ဖျတ်ခနဲပျောက်သွားသည်။ ကြက်သီးတော့ထ,သွားသည်။

သို့သော် ‥ ကြောက်မနေနိုင်တော့။ လန့်မနေနိုင်တော့။

ရသည့်ငါးများကိုသာထမ်းလျက် ရွာသို့သုတ်ခြေတင်ရုံသာရှိတော့၏။

"ငတေ ဒီနေ့ကံကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ရယ် နိမိတ်ရယ်

ငတေက ငွေအကြွေစေ့လေးများကို ဦးမင်းယာရှေ့သို့ချပေးလိုက်သည်။

ဦးမင်းယာ နားမလည်။

"ဒါ ... ဘာလုပ်တာလဲ"

"ခင်ဗျားသမီးအတွက် ဆေးဆရာပင့်လို့ရအောင် ပြေလည်တဲ့အခါပြန်ပေး"

ဦးမင်းယာ ငတေကို စူးစမ်းကြည့် ကြည့်သည်။

"ခင်ဗျားနဲ့ကျွန်တော်ဟာ တူသားဆိုလည်းဟုတ်တယ်၊ ညီအစ်ကိုဆိုလည်းဟုတ်တယ်၊ အရေးကြုံလာတဲ့အခါ တစ်ယောက်အခက်အခဲတစ်ယောက်ကူညီတဲ့ သဘောပဲ"

ငတေ့အကြောင်းကို သူအသိဆုံး။ အပြောမတတ်၊ ဘုဆတ်ဆတ်ဆိုသော်လည်း စိတ်ရင်းကမဆိုး။ သူရှိကိုယ်စား၊ ကိုယ့်ရှိသူစားဆိုသည့် လူမျိုး။ ရှိရင်ပူသေး၊ ကုန်မှအေးဆိုတာ သူ့ရဲ့အကျင့်။





"မင်း အခုတလော ငါးရကောင်းတယ်ထင်တယ်"

ငတေက ခေါင်းကိုညိတ်လိုက်သည်။

"ဘယ်နေရာတွေလဲ"

"အဲဒါတော့ မမေးနဲ့"

ငတေမပြောချင်မှန်းသိသဖြင့် သူဆက်မမေးတော့။

"အေးကွာ အခုလိုအချိန်မှာ အကူအညီပေးတာ သိပ်ကျေးဇူးတင်တယ်"

"ဟော့လူ ...သုံးဆယ့်ခြောက်ကောင်းလည်း မထိုးပစ်လိုက်နဲ့ဦးနော်"

"အေးပါကွာ ... ငါ သည်လောက် အသိဉာဏ်မမဲ့ပါဘူး"

နောက်တစ်နေ့တွင် ဖလံကျွင်းမှ ဆေးဆရာကိုပင့်ဖြစ်သည်။ ဆေးဆရာကြီးအသက်က (၆၁) နီးပါးတော့ရှိပြီ။

"ကလေးမလေးက ဖြစ်နေတာကြာပြီပဲ"

"ဖြစ်စကတော့ တရှောင်ရှောင်နဲ့ ဟိုဆေးလေးတိုက်၊ သည်ဆေးလေးတိုက်နဲ့ပါ၊ ကြားထဲမှာပျဉ်းမကုန်းက ဆရာနဲ့ကုသေးတယ်၊ မထူးခြားလို့ ဆရာကြီးကိုပြောင်းကုတာ"

ဆရာကြီးက သေသေချာချာစမ်းသပ်သည်။

"အင်းလေ ... ဆရာကြီးနည်းနဲ့တော့ ဆရာကြီးကုကြည့်ပါဦးမယ်၊ အကြောင်းမထူးရင်တော့ နောက်ဆေးအသစ်တစ်ဖုံဖော်ရလိမ့်မယ်"

"တော်တော် အကုန်အကျများမှာလား ဆရာကြီး"

"ရှားပါး ပရဆေးတွေနဲ့ဖော်ရမှာဆိုတော့ ထိုက်သင့်သလောက်တော့ ကုန်မှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အားတော့နာပါရဲ့ ဆရာကြီးရယ် ...အခုတောင် ဆရာပင့်ခဲ့ကို လူတစ်ယောက်က အကူအညီပေးလို့"

"ကိုမင်းယာ"

မမယ်တင်ကကြားမှဝင်ဟန့်သည်။ သမီးရှေ့တွင် ညည်းညူစကား မပြောလို။

ပျောက်ဖို့သာ အဓိကဖြစ်သည်။

"အကုန်အကျများမယ်ဆိုရင်လည်း ဆက်မကုပါနဲ့တော့ အဖေ ရယ်"

သမီးက အသံခပ်ယဲ့ယဲ့ဖြင့်ဝင်ပြောသည်။ မမယ်တင်ရင်ထဲတွင် မကောင်းတော့။

"အို ... သမီးလေးရယ်၊ အဲဒီလိုမပြောရဘူးလေ၊ မရှိ ရှိအောင်ရှာပြီး ကုမယ်၊ အမေဟာ နင့်အဖေလို လူပျော့လူညံ့တစ်ယောက်မဟုတ်ဘူး။ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲမှတ်တယ်"

ဆေးဆရာမနေသာတော့ပေ။

"ကျုပ်ဟာ အသပြာဆရာ မဟုတ်ဘူးဆိုတာ လူတိုင်းသိတယ်၊ ရှိတဲ့ သူ ကန်တော့တာလက်ခံသလို၊ မရှိတဲ့လူဆိုလည်း အလကားကုပေးခဲ့တာ အများကြီး၊ ခု ...ဒီကလေးမဖြစ်နေတာဆန်းတယ်၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ် ဘူး"

"ကောင်းမယ်ထင်ရင် လုပ်သာလုပ်ပါ ဆရာကြီးရယ်"

"ကျုပ်ဆေးဖိုးပဲယူမှာပါ၊ ကုသစရိတ်မယူပါဘူး"

"ဘယ်လောက်များကုန်မလဲ ဆရာကြီး"

"နေဦး ... နောက်တစ်ခေါက်ပြန်လာကာမှပြောမယ်၊ လောလောဆယ်





ဆယ်ဆေးပေးထားခဲ့မယ်"

ထို့နောက် ဆရာကြီးပြန်သွားလေသည်။ မမယ်တင်က ဘုကြည့်ကြည့် သည်။

သမီးရှေ့တွင် သူတို့စကားမများချင်ကြပါ။

'အလုပ်အကိုင်မရှိ လက်ကျောမတင်းတဲ့ 'ယောကျ်ား' ဟူ၍ စိတ်ထဲ တွင် ပြောနေပေလိမ့်မည်။

ဦးမင်းယာ အိမ်အပြင်ထွက်လာခဲ့သည်။

"အဲဒါ ဘယ်လဲ"

"ရွာထဲ"

"မဖျိုင်းအရက်တဲလို့ပြောစမ်းပါတော်"

တုံ့ပြန်ပြောချင်စိတ်မရှိသဖြင့် ကျောခိုင်းထွက်လာခဲ့သည်။ အစက ဘယ်ရယ်လို့မဟုတ်။

မမယ်တင် သတိပေးလိုက်ကာမှ မဖျိုင်းအရက်တဲကို သတိရသွား သည်။

"အဲဒီပဲကောင်းတယ်"

ငိုချင်ရက်လက်တို့ဖြစ်သွားသည်။ ထို့ကြောင့် မဖျိုင်းတဲဘက်သို့ ထွက်လာခဲ့၏။

"ငတေတစ်ယောက်မလာဘူးလား မဖျိုင်း"

"လာဝဲ့ လာပဲ့ စောစောကလေးတင်ပြန်သွားပြီ"

"ဟာ ... ဒီကောင်ရှိရင်ကောင်းမှာ"

"ဘာလဲ ...ရှင့်အရက်ဖိုး အကြွေးကြောင့်လား၊ ပူမနေနဲ့ ၊သူ ဆပ်သွားပြီ၊ ရှင်သောက်ချင်တယ်ဆို သူ့စာရင်းထဲမှတ်ထားလိုက်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူအားတက်သွားကာ တဲထဲသို့ဝင်လိုက်သည်။

"ဒီကောင် အခုတလော တော်တော်အဆင်ပြေနေပုံပဲ"

"ငါးရလို့နေမှာပေါ့"

"ထူးတော့ ထူးတယ်"

မဖျိုင်တစ်စုံတရာကို သတိရသွားကာ ...

"တော့်ကို အထူးတကာ့ထူးတာကိုပြောရဦးမယ်"

"လောလောဆယ်ဆယ် အရက်ထည့်ပေးဗျာ"

"ထည့်ပေးပါ့မယ်ရှင် ... ထည့်ပေးပါ့မယ်"

မဖျိုင်းက မြေအိုးထဲအရက်ထည့်ပေးသည်။

"ရော့ ... သရက်ချဉ်လေးသုပ်တယ်၊ မြည်းကြည့် ကောင်းတယ်"

"ပြောပါဦး ... ထူးတယ်ဆိုတာ"

"ဒီတစ်ပတ်တွက်မည့်ပေါက်ကောင်ကို "

"အတိတ်စိမ်းရတာလား၊ တွက်တာလား၊ အိပ်မက်လား"

ဝါသနာပါနေတာမို့ စကားလေးစ လိုက်တာနှင့်အလိုလိုလည်သွား သည်။

ပြောလာမည့်စကားကို နားစွင့်လိုက်တော့ ...

"အဲဒါတွေ တစ်ခုမှမဟုတ်ဘူး"

"ဒါဆိုဘာလဲ"

"ရှေ့လာမယ့် ဒိုင်ဖွင့်ရက်ဟာ ... ဦးချမ်းသာရဲ့မွေးနေ့နဲ့ တိုက်ဆိုင် သတဲ့"

"ဟုတ်လား"

"ဒါကို သူ့သမက် တောအုပ်က သူ့ယောက္ခမကြီးအတွက် ဒေါင်း





တစ်ကောင်လက်ဆောင်ပေးသတဲ့၊ အဲဒါ တိုးတိုးတိတ်တိတ်နော်၊ အဲဒီ ဒေါင်းကိုတစ်နေရာမှာ ဝှက်ထားတယ်၊ မွေးနေ့ပြီးမှ အပြင်ကိုထုတ်မှာတဲ့"

"အဲဒီတော့ ..."

"ရှင်ဟာလေ တော်တော်ညံ့သေးတာပဲ၊ ခုတစ်ပတ်ထွက်မယ့်ပေါက် ကောင်ဟာ ဒေါင်းမဖြစ်နိုင်ဘူးလား၊ ဒါ ... ရှင့်မို့ပြောတာနော်၊ တခြားရွာသား ဘယ်သူမှ မသိသေးဘူးတဲ့"

ဒေါင်း ...။

ဒေါင်း ...။

ဒေါင်း ...။

ထိုစကားလုံးက သူ့ခေါင်းထဲစွဲသွားသည်။ မတော် သူသည်တစ်ကြိမ် ပွပေါက်တိုးလိုက်လျှင် ... ။

စိတ်ကူးကြည့်တော့ စိတ်ချမ်းသာရသည်။ ရှန်းကြွစိတ်တွေနိုးထလာ ရသည်။

တကယ်ပဲဖြစ်လာမလား။

သူအရက်ဆက်သောက်သည်။

တိတ်တိတ်ဆိတ်ဆိတ်ရှိနေသည်မို့ ...

"တော် ... ဘာတွေ တွေးနေတာလဲ"

"ကျုပ်ကတော့ တစ်မူးတန် တစ်စောင်ဖြတ်ရမယ်"

ခက်သည်က အခါကောင်းသော်လည်း ဘယ်ငွေနှင့် ထိုးရမှန်းမသိ ဖြစ်နေသည်။ ဒေါ်မယ်ခထံမှလည်း အကြွေးတွေထပ်မယူရဲတော့။ တခြား လမ်းကမမြင်။

ပေတော့ဆီမှလည်း အားနာဖို့ကောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချင်ရာဖြစ် ... အဲဒီနေ့ တစ်ခုခုတော့ အခြေအနေလေးပေးလာမှာပဲ"

အရက်လေး တော်တော်လေးထွေလာတော့ မဖျိုင်းတဲမှသူပြန်လာခဲ့သည်။

ဿ ♦ ဿ



## သိုက်တူးသမား

ဥစ္စာစောင့်ကုန်း၏တောင်ဘက်။

ထိုနေရာသည် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ထူထပ်လျက်ရှိသည်။ ထိုနေရာသည် တစ်ချိန်ကလျှင်ဒဏ်ကြောင့် ပြိုပျက်သွားသော စေတီတစ်ဆူရှိသည်။ ယခင်ကမည်သို့ရှိမည် မပြောတတ်သော်လည်း ယခုတော့ကုန်းမြေမို့မို့ ဖြစ်ကာ ညောင်ပိန္နဲပင်ကြီးတစ်ပင်၏ ဝါးမြိုခြင်းကိုခံရသောကြောင့် စေတီကိုပင် တိတိပပမမြင်နိုင်တော့။

ထိုနေရာတွင်ပင် လူတစ်စုမှာ ညအမှောင်အားကိုးဖြင့် သက်ဝင်လှုပ်ရှားနေကြသည်။

စုစုပေါင်းလူသုံးယောက်။

ခေါင်းဆောင်ဒေဝနှင့် အဖော်နှစ်ယောက်။

သူတို့သုံးဦး၏ တစ်စုတည်းသော ရည်ရွယ်ချက်မှာ ဘုရားဌာပနာများကိုဖောက်ထွင်းယူရန်ပင်။

"ဒေဝ သေချာပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှာဘုန်းကြီးပြောတာတော့ သမိုင်းဝင်စေတီပဲ၊ ရှေးမင်းတွေဟာဘယ်လို စေတီပဲတည်တည် အဖိုးတန်ရတနာတွေကိုတော့ ဌာပနာတည်စမြဲပဲတဲ့"

သူတို့လက်ထဲတွင် ပေါက်တူးတွေ၊ ဂေါ်ပြားတွေအဆင်သင့်။

အမှန်စင်စစ် သူတို့တွေမှာလည်း သုံးဆယ်ခြောက်ကောင်၏ သားကောင်စစ်စစ်တွေပင်။ လယ်မရှိ၊ ယာမရှိ၊ ကိုင်းမရှိ၊ အလုပ်ကိုလက်ကြောတင်းအောင် မလုပ်ချင်ကြတာပဲ။ အရက်ကိုတစ်ချိန်လုံး သောက်နေသူတွေ။ တစ်ချီတစ်ချီ ဝေးဝေးလံလံမှ နွားတွေကိုခိုးပေါ်တတ်သည်။ ဓားပြတိုက်တတ်သည်။

ရသည့်ငွေဖြင့် သုံးဆယ့်ခြောက်ကောင်ကို ပုံအောလောင်းသည်။

ပေါက်ကောင်ပေါ်တော့ သုံးလိုက်ကြ၊ ဖြုန်းလိုက်ကြ၊ ရှုံးတော့မှိုင်တွေကြဖြင့် သံသရာလည်နေသည်။

ခုလည်း အကြွေးတွေက ပတ်ပတ်လည်။ သည်တော့ ရရာအကြံကိုထုတ်ကြခြင်းဖြစ်သည်။

"ဟိုကောင် ပေါက်ချွန်းယူခဲ့၊ ဒီအုတ်တွေကိုဖြိုစမ်း၊ လှကြိုင် မင်းကသည်ဘက်ကတူး"

ဒေဝက စီမံခန့်ခွဲနေသည်။ သူကိုယ်တိုင်လည်း ဝင်လုပ်သည်။

"ဒုတ် ... ဒုတ် ... "

"ချွင် ... ချွင် ... "

"ဟေ့ ... ဟေ့ ... အသံသိပ်မထွက်စေနဲ့၊ ဖြည်းဖြည်းသက်သာတူး"

သူတို့ခေါင်းပေါ်မှ ညဉ့်ငှက်တစ်ကောင်ပျံသန်းသွားသည်။ လှကြိုင်ခပ်ဝေဝေးသို့လှည့်ကြည့်လိုက်ရာမှ ...





"ဒေဝ ... ဟိုမှာဘာလဲကြည့်စမ်း"

ဒေဝ မျက်မှောင်ကျုံ့၍ကြည့်သည်။

"ဒါ ... ကေစတုကန်ဘက်ကမီးရောင်ကွ၊ ငါးခိုးတဲ့ကောင်နေမှာ...ပဲ"

အတော်ပင် လှမ်းနေသောကြောင့် သူတို့စိတ်ပူပင်မှုမဖြစ်မိပါ။

"ဆက်တူးကွာ"

သူတို့ ကိုယ့်အလုပ်ကိုဆက်လုပ်ကြသည်။ အချိန်ရှိခိုက် လုံ့လစိုက်ဖို့...တော့လိုမည်။

မိုးလင်းသွားလို့မဖြစ်။

"ဒီအပတ် ဘာပုံအောထိုးချင်လဲ ဒေဝ"

"ဒေါင်းကတော့ တိုးတိုးတိတ်တိတ်ရေပန်းစားတဲ့ အကောင်ပဲကွ၊ ...ချည်းပဲတော့ အားမကိုးချင်ပါဘူး၊ စဉ်းစားဦးမယ်"

"မနက်ဖြန်ပဲ ထွက်တော့မယ့်ဟာ"

"အခြေအနေအရပဲ"

ထိုစဉ် ...

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ "

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ"

လေတိုးနှုန်းမြန်လာသောကြောင့် သစ်ရွက်နဲ့ကိုင်းပင်တွေ လှုပ်ရှားသံပို...လာသည်။

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ"

"ရှဲ ရှဲ ... ရှဲ ရှဲ ... ရှဲ ရှဲ"

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ရမှာပဲ"

အလုပ်လုပ်နေသည့် သူတို့လက်တွေ အလိုလိုရပ်သွားကြသည်။ ပတ်ဝန်းကျင်ကို အကဲခတ်စောင့်ကြည့်လိုက်သည်။

"ဟီး ... ဟီး ... ဟီး ... ဟီး"

"ဟင်း ... ဟင်း ... ဟင်း"

ငြီးငြူသံလိုလို၊ ညည်းသံလိုလို၊ သိပ်မသဲကွဲ။

"ဟော့ကောင် ဒေဝ ဟိုမှာ"

ချုံစပ်တွင် မဟာ်မတ်ကြီးပေါ်ထွက်လာသည့် သဏ္ဌာန်သုံးခု။ ဆံပင်တွေက မြေကြီးပေါ် ပုံကျနေသည်။ အရိုးပြိုင်းပြိုင်း၊ အမွေးထူထူ၊ မျက်တွင်းဟောက်ပတ်၊ ဗိုက်ကတော်တော်ပူသည်။

အသားအရောင်က မီးသွေးခဲလိုနက်မှောင်မှောင်။

"ဟင် ... ဟင်း ... ဟင်း"

"ဟီး ... ဟီး ... ဟီး"

သဏ္ဌာန်သုံးခုလုံးရှေ့သို့ ကရွေ့ကရွေ့တိုးလာကြသည်။

သူတို့ ခဏအတွင်း ကြက်သေသေနေကြရာမှ သတိဝင်လာပြီး ...

"အ ... အ ... အမလေး"

"သ ... သ ... သရဲ"

"ကယ်ကြပါ"

မျက်လုံးများပြူးထွက်ကာ ခြေဦးတည့်ရာထွက်ပြေးကြလေသည်။ ပေါက်ချွန်ပေါက်ပြားတွေပင် လွတ်ကျကုန်၏။ သတ္တိရှိပါသည်ဆိုသော ယောကျ်ားကြီးသုံးယောက်ပင်လျှင် သွေးမျက်ချောက်ချားလျှက် ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးရလေပြီ။



တကယ်စင်စစ် ...

မလုပ်ကောင်း၊ မလုပ်ထိုက်သော အမှုကိုပြုခဲ့ကြသူများ၏ အကျိုးရလဒ်ပေပင်။

⁂◆⁂



www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်နှင့်အားပြိုင်

ထိုနေ့က သုံးဆယ့်ခြောက်ကောင်ဖွင့်မည့်ရက်။ ထုံးစံအတိုင်း
အထွက် နတ်ကွန်းရှေ့မှ ရွှေတုတ်တိုင်ပေါ်တွင် ပေါက်ကောင်ထည့်ထားသ
ကတ္တီပါအိတ်လေးချိတ်ဆွဲပြီးပြီ။

ယခင်အပတ်များနှင့် မတူသည့်အချက်က ဦးချမ်းသာအိမ်တွင် မွေး
အထိမ်းအမှတ်အဖြစ် ဆင်းရဲချမ်းသာမရွေး အလှူအတန်းပြု ကျွေးမွေးခြင်း
ရွာလုံးကျွတ်လိုလို လာရောက်စားသောက်ကြသည်။ ဦးချမ်းသာတို့ လှူပြီ
ဆိုလျှင် ထမင်းရည်ချောင်းစီး မောင်းတီးလှူဆိုသော စကားလို၊ စားကြ
သောက်ကြစမ်း။

ထိုနေ့က ကျွေးသည့်မှာကြက်သား၊ ဝက်သား၊ ငါးနှင့်အတူ ငပြာ
ကြော်၊ မယ်ဇလီဟင်းချိုနှင့် သရက်ချဉ်သုပ်။

ဒါကို ကြုံကြုံဖန်ဖန်အတိတ်ကောက်သူတွေက ကြက်၊ ဝက်နှင့် ငါး
လည်း ထွက်နိုင်ချေရှိသည်ဟု ဟောကိန်းထုတ်သူတွေက ရှိသေးသည်။ စား





န်းလန်း ကွင်းလယ်မှ ကတ္တီပါအိတ်ကိုလည်း လှမ်းမျှော်ရတာအမော။ ခိုင်တွေ
တော့ လက်မှတ်တွေ စ,ရောင်းနေလေပြီ။

ရွာသူရွာသားတွေက ကိုယ့်အစုနှင့်ကိုယ် ထင်ရာမြင်ရာတွေကို
တိတ်ကောက်ရင်း ကြိတ်ကြိတ်ကြိတ်ကြိတ်တိုင်ပင်နေသူတွေက မရှား။
ည်သို့ပင်ဆိုစေ သူတို့ရင်ထဲတွင် ဒေါင်းရှိနေပြီးသား။

"တစ်ရွာလုံးပေါက်ကုန်ရင် ဘာဖြစ်သွားမလဲ"

"ဦးချမ်းရဲ့စည်းစိမ်ဥစ္စာတွေ မနည်းပါဘူးကွာ"

"ငါကတော့ သိပ်မယုံချင်ဘူး"

"ဒါက မင်းသဘောလေ _ ခုဆိုဒေါင်းရုပ်ဖြတ်ပိုင်းတောင် ကုန်ခါနီး
ပြီမောင်၊ မရမရှိလိုက်ဖြစ်နေပါဦးမယ်"

ဘယ်နေရာကြည့်လိုက်ကြည့်လိုက် သည်အကြောင်း။

ငတေက ရွာထဲသို့ရင်ကော့၍လျှောက်လာသည်။ အကျီလုံချည်အသစ်
ဝတ်လို့၊ အားလုံးကသူ့ကိုကြည့်ပြီး အထူးအဆန်းတွေလိုဖြစ်နေသည်။
ိုင်းလိုလို ရလာသောငါးကို ရွာထဲတွင် အနည်းအကျဉ်းသာရောင်းသည်။
ွန်စပေါ်သွားလျှင်မလွယ်။

ဘေးရွာတွေကို ထွက်ရောင်းသည်။

ငါးကမနည်းတော့ ငွေစကြေးစလေးရှင်လာသည်။ မိန်းမလည်ပင်းတွင်
လဲဘာလေးဖြစ်လာသည်။

ခရိုးခယိုင်အိမ်လေးပြန်ပြင်နိုင်ခဲ့သည်။

"ဟဲ့ ... ဒါ ... ငတေ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် အမေ့ဥရဲ့"

"ကြားသားမိုးကြိုး၊ ဝတ်ကောင်းစားလှတွေနဲ့ တောက်တောက်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပါလား''

''အပြောင်းအလဲလေးလုပ်ကြည့်တာပါ၊ ဟဲ ... ဟဲ ... ဟဲ''

''အခုဟာ ဘယ်တုန်း''

''ဘယ်ရှိရဦးမှာလဲ အမေရယ်၊ အလှူသွားမယ် ... ပြီးရင်ကဲ
မယ်''

''အားလုံးက ဒေါင်းလို့ပြောနေကြတာပဲ''

''ဖြတ်ရမယ်၊ လက်မှတ်ဖြတ်ရမယ် တစ်ကျပ်ဖိုးကိုဖြတ်ရမယ် ...''

''ဟဲ့ ... လုပ်လှချည်လား၊ တစ်ကျပ်ငွေနည်းမှတ်လို့''

''ရှင်ရွှေထီး၊ သေမြေကြီးပေါ့ အမေဥရာ ... ကိုင်းသွားလိုက်
မယ်''

ငတေခေါင်းလေးတမော့မော့နှင့် ဆက်လျှောက်လာသည်။

ဒေဝတို့အုပ်စုကတော့ ရွာလယ်ထန်းတဲတွင် ခေါင်းချင်းဆိုင်နေ
သည်။

သိုက်တူးတာမအောင်မြင်တော့ ရွာတောင်ပိုင်းမှကြက်နှစ်ကောင
ခိုးရောင်းကာ မြွေနှင့်လိပ်ကိုဖြတ်ထားလိုက်သည်။ ထန်းရည်ကတော့ ...
အတိုင်းအကြွေး။

''တို့မြင်ခဲ့ရတဲ့အကောင်တွေကတော့ တစ်သက်မေ့လို့ရမှာမဟု
ဘူး''

''သရဲတွေလား၊ မိစ္ဆာတွေလား၊ တစ္ဆေတွေလား''

တင်အောင် ပြုံးပြုံးပြုံးပြုံးနှင့်မေးသည်။

''ဘယ်သိပ့်မလဲ၊ ဘုရားစောင့်တဲ့ မှင်စာတွေများလားမသိဘာ''

''ဟော့ကောင်တွေ ရှူး ... တိုးတိုးပြောစမ်းပါ၊ ဘေးလူတွေ







...ကြားလို့ တို့လုပ်တာတွေပေါ်ကုန်ပါဦးမယ်''

ဒေဝက ဝင်ဟန့်လိုက်တော့ သူငြိမ်ကျသွားသည်။

သို့ဖြင့် ...

မွန်းလွဲပိုင်းသို့ရောက်လာခဲ့၏။

မြကြေးမုံကိုယ်အပူချိန်တွေ ထိုးတက်လာခဲ့သည်။ ရှော်ပေ... လှိုင်
...ရမည်ဖြစ်သည်။

မမယ်တင် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

''ကိုမင်းယာ ... ကိုမင်းယာ''

စိတ်ပူကြက်လက်ပျက်နှင့် ဆန်ဆန်ကြီးတုံးလုံးလှဲနေသော ကိုမင်းယာ
...ခေါင်းလေးဆတ်ခနဲထောင်လျှက် ...

''ဘာလဲ''

''သမီး ကိုယ်တွေရုတ်တရက်ပူလာလို့''

''ဟုတ်လား''

သူကိုယ်ကိုစမ်းကြည့်တော့ ဟုတ်သည်။ အပူရှိန်တိုးလာသည်။

''ဒုက္ခပါပဲကွာ''

''ဒုက္ခလုပ်မနေနဲ့၊ မနက်က ဖလံကျင်းဆရာကလူကြုံမှာလိုက်တယ်၊
...ဆေးဖော်ပြီးပြီတဲ့ ငွေယူပြီးလာခဲ့တဲ့''

''အဲဒါ ဒုက္ခပဲ''

''ကျုပ် ... ရှင့်အကြောင်းကိုသိလို့ငွေကြိုရှာထားတယ်၊ ရော့ ...
...ဟာဒီမှာ အရေးအကြောင်းကြုံရင် ဘာမှ အားကိုးလို့ရတဲ့ယောက်ျားမဟုတ်
...ဘူး''

''ဘယ်လိုရှာလာတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် _ ပေါင်ထားတဲ့ နားတောင်းလေးကိုအပြတ်ရောင်းလိုက်တ

ဦးမင်းယာအသာငြိမ်သွားသည်။ မင်္ဂလာဦးတည်းက ရွှေနှင့်တူ

ဆိုလို့ တစ်ခုတည်းသောပစ္စည်း၊ အခုတော့ ကိစ္စပြတ်ပြီ။

"ကဲ ... ကဲ ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ ဖလံကျင်းကိုသွာ

အဝတ်အစားလဲ"

သူ ရုပ်အင်္ကျီလက်တိုလေးတစ်ထည်ကောက်စွပ်လိုက်သည်။ ဦးတု

ဆောင်းကာထွက်လာခဲ့သည်။ (၂) နာရီကျော်ကျော်လောက်ကတည်းက ရွာ

တွင် လူရှင်းနေသည်။ လူတွေနတ်ကွန်းဆီရောက်နေမှာ မလွဲ။ သူ သ

တစ်ပတ်တစ်စောင်မှမထိုးနိုင်။ ထို့ကြောင့်လည်း စိတ်ထဲမရိုးမရွဖြစ်နေခဲ့သည

ယခင်ကဆိုလျှင် နည်းနည်းများများ တစ်စောင်လောက်ကိုတော့ ကံစမ်းလိုက်

ချည်း။

သည်တစ်ပတ်လွတ်သွားခြင်းအပေါ်တော့ ရင်နာရသည်။

သူရွာထိပ်သို့ရောက်လာခဲ့သည်။ ခြေလှမ်းတွေက ဖလံကျင်းဘက်

ဦးတည်နေသော်လည်း စိတ်တွေကနတ်ကွန်းဆီသို့ရောက်နေ၏။

"ဒီနေ့ ဘာကောင်ထွက်မလဲ"

ရွာထိပ်တွင် ဇရပ်ကြီးတစ်ဆောင်ရှိသည်။ ခရီးသွားတွေ နားခိုရ

အတွက်ဖြစ်၏။

ဇရပ်ပေါ်တွင် အရှုံးဖိုးထောင်ထိုင်နေသည်။

"ဗျို့ ကိုမင်းယာ ... ဘယ်တုန်းဗျ"

"ဖလံကျင်းသွားမလို့"

အမြဲတမ်းရှုံးနေသူမဟုတ်။ တစ်ခါတစ်ရံစိတ်ဖောက်ပြန်လာလျှင်-

"ကြုံတုန်းကြုံခိုက် လက်မလွတ်စေချင်ဘူးဗျာ"

---





"ဘာလဲဟ"

"တစ်ကောင်တည်းပေါက်ကောင်ကိုပြောလိုက်မယ် မျောက်ပဲဗျို့၊ မျောက်ပဲ"

သည်အရှုံးပြောတာ (၂) ခါမှန်ဖူးပြီ။ မယုံလို့မထိုးဖြစ်ခဲ့။ နာလိုက်သည့်ဖြစ်ချင်း။ ခုမှသတိရသွားသည်။ တမြန်မနေ့ဆီက သူမက်သောအိပ်မက်တွင် မျောက်တွေမြင်ခဲ့ရသည်။ တောထဲကိုထင်းခုတ်သွားလို့ဆိုလား။

ဘာကြောင့် အဲဒါကိုမေ့ရတာလဲ။

ဘာကြောင့် အဲဒါကိုမေ့လိုက်ရတာလဲ။

အရှုံးကပြောတာမျောက်။

သူမက်ခဲ့တာ မျောက်။

ဒါ ... တိုက်ဆိုင်မှုတော့မဖြစ်နိုင်။ ကံတရားကြီးက ကိုယ့်ဘက်ကို သိသိသာသာကြီး အလှည့်ပေးလာတာနေမှာ။ ဒါကို ကိုယ်ကစရှောင်လိုက်ရမှာလား။ မဖြစ်နိုင်။ မည်သည့်နည်းနှင့်မျှမဖြစ်နိုင်။

လက်က အိတ်ကပ်အတွင်းသို့အလိုလိုစမ်းမိသွားသည်။

သမီးအတွက် ဆေးဖိုးလေး။

ဒါကိုပွားစည်လိုက်လျှင် အဆပေါင်းများစွာရမည်။

သို့သော် ...

မတော်လွဲချော်သွားလျှင် ဘယ့်နှယ့်လုပ်မလဲ။ မိန်းမနှင့် စကားအကြီးအကျယ်များရမည်။

"မဖြစ်သေးပါဘူး"

သူ့ရှေ့ကိုဆက်ရန် ဟန်ပြင်သည်။

"ဟာ ... ဒီလူတော့ ခက်တာပဲ"

---



www.burmeseclassic.com

www.burmeseclassic.com



အရှူးကလှမ်းအော်ပြန်သည်။ အတိတ်လား၊ နိမိတ်လား၊ ဝေခွဲမရဖြစ်သွား၏။ သည်အချိန်ဆို ဖြတ်ပိုင်းဖြတ်၍ရသေးသည်။ သို့သော် ကြာကြာတုန့်ဆိုင်းနေလို့တော့မရ။ ဒိုင်ပိတ်တော့မည်။

"ဟာ ... မထူးပါဘူးကွာ"

ရွာဘက်သို့လှည့်၍ပြေးသည်။ သည်လိုအခွင့်ရေးမျိုးကို လက်လွှတ်ခံလို့ဖြစ်ပါ့မလား။ ဒိုင်ဆီရောက်တော့ ...

"ဟေ့လူ ... မြန်မြန်လာ ခုပဲပိတ်တော့မှာ ဘာယူမှာလဲ"

"မျောက်"

"ဟုတ်ပြီ"

တစ်ကောင်တည်းတော့ အားမရသေး။ အများပြောသည့်ဒေါင်းနှင့် နည်းနည်းလေးကြိုက်မိသော ယုန်ကိုပါထည့်ထိုးလိုက်သေးသည်။ ဒါ ... လက်ထဲရှိသမျှအကုန်။

---



## ရင်နှင့်ရင်းခဲ့ရသော

ညနေ (၄) နာရီတိတိရှိပြီ။

ပေါက်ကောင်ဖွင့်ရန်အချိန်သို့ရောက်ရှိလာခဲ့လေ၏။ သည်အပတ်လာရောက်ကြည့်သူတွေပိုများသည်။ အပိုင်ရသားကြသည်မို့ ထိုးကြေးတွေကများသည်။

ကွင်းထဲသို့ဝင်လာသူက ဦးချမ်းသာကိုယ်တိုင်ဖြစ်နေ၍ နည်းနည်းတော့ ထူးခြားသည်။

ခါတိုင်းဆို သူ့သားအကြီးဆုံးသာ ပေါက်ကောင်ကိုဖွင့်စမြဲ။

ဦးချမ်းသာက ကတ္တီပါအပြာရောင်တိုက်ပုံအင်္ကျီ၊ ငွေဖလားရောင်ပိုးပုဆိုးကို ကျကျနနဝတ်လျက် ... ။

မြေးတစ်ယောက်ကအနားမှတွဲလာသည်။

ရွှေတုတ်တိုင်အနားသို့ရောက်သောအခါ ရပ်လိုက်ပြီး ...

"အဟမ်း ... အဟမ်း အခုလိုကျုပ်မွေးနေ့မှာ ရွာသူရွာသားတွေနဲ့ ပျော်ပျော်ရွှင်ရွှင်တွေ့ရလို့ အလွန်ပဲဝမ်းမြောက်ပျော်ရွှင်နေမိပါတယ်၊ မနက်ကဆို



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လှူဒါန်းတဲ့ စားသောက်ဖွယ်ရာတွေကို အားပါးတရစားနေကြတာကြည့်ပြီး ပီတိလည်းဖြစ်၊ ကြည်နူးမှုလည်းဖြစ်ခဲ့ရပါတယ်၊

တကယ်တော့ ကျုပ်အခုလို သုံးဆယ့်ခြောက်ကောင်ကို အင်္ဂလိပ်အစိုးရဆီ အခွန်တော်တွေအများကြီးဆောင်ပြီး ဖွင့်လှစ်ရတာ၊ ပျော်ရွှင်စရာလည်းဖြစ်စေ၊ ကံကြမ္မာကိုစမ်းသပ်ရာလည်းရောက်စေ၊ ကံကောင်းသူတွေအတွက်လည်း ဖြေပြေလည်ပါစေဆိုတဲ့ စေတနာနဲ့အကောင်အထည်ဖော်ခဲ့တာပါ၊

အနည်းအများသာကွာပေမယ့် အပတ်တိုင်းတော့ပေါက်ကောင်တိုးတဲ့သူတွေရှိပါတယ် ... ''

ဦးမင်းယာမှာတော့ စိတ်လောနေပေပြီ ...

''အချိန်မရရတဲ့အထဲ လေကြောကရှည်နေပြန်ပြီ''

အသက်အရွယ်ရလာတော့ စကားပြောချင်စိတ်တွေက တဖွားဖွား။ တော်တော်နှင့် အဆုံးမသတ်နိုင်။ အကြောင်းအရာတွေက ထူးထူးခြားခြားမဟုတ်၊ အများသိထားတာတွေချည်း။

သည်ကြားထဲမှာ သုံးဆယ့်ခြောက်ကောင်အကြောင်း ဇာတ်လမ်းခင်းနေပြန်သေး၏။

''ကြာလိုက်တာဗျာ''

နောက်တော့စိတ်မရှည်ချင်ကြတော့။ အားလုံးက ကတ္တီပါအိတ်ကိုပဲ ဖြုတ်ဖို့လိုလားနေကြသည်။

ရဲရဲတင်းတင်းတော့ မည်သူမျှလှမ်းမအော်ရဲ။

''ကိုင်း ... ကိုင်း ကျုပ်စကားတွေလည်း တောရောက်တောင်ရောက်ရောက်ကုန်ပြီ၊ သားကြီးရေ ... ပေါက်ကောင်ဖွင့်ပေးလိုက်ပါတော့''

ထိုစဉ် ...





ဘယ်ကဘယ်လိုထွက်လာမှန်းမသိသော ဒေါင်းကြီးက ဖလပ်ယပ်ဖြင့် အိမ်လက်ရမ်းဆီသို့ ခုန်တက်လိုက်သည်။

ကြည့်စမ်း ...

မြစိမ်းရောင်အသွေးနှင့် လှပသည့်ဒေါင်းကြီး။ အမြီးကအကွက်တွေလည်း တင့်တယ်လှပါဘိ။

ရွာသားတွေ လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။ အထူးသဖြင့် ဒေါင်းထိုးထားကြသူတွေ။

''သေချာပြီကွ ... သေချာပြီ''

ဦးချမ်းသာ သားကြီးက ကတ္တီပါအိတ်ကိုဖြုတ်ယူလိုက်သည်။ အားလုံးမီးကိုရေနှင့်ဖြန်းလိုက်သလို ဝပ်ဆင်းသွား၏။

အိတ်ထဲသို့လက်နှိုက်သည်။

ဖြည်းဖြည်းချင်းထုတ်သည်။

လက်ဖဝါးအပေါ်တင်လိုက်သည့်အခါ ...

ဂဏန်း ...

''ဟာ''

''ဘာတွေလဲကွာ၊ သောက်တလွဲတွေချည်း''

''တောက်ရှိုင်းလိုက်တာ''

ပရိသတ်၏ အာမေဋိတ်သံများ၊ အံ့သြသံများ၊ မချင့်မရဲသံများ၊ ကျေနပ်သံများဖြင့် လုံးထွေးကုန်သည်။

ဦးမင်းယာ ဆံပင်တွေမိုးပေါ်ထောင်တက်သွားသလားထင်လိုက်ရ

မျက်လုံးတွေပျာဝေကာ နှလုံးသွေးပင်ရပ်သွားတော့မလို။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ ... ။

သွားပြီ ... ။

ရှိသမျှလေးအကုန်ကုန်ပြီ။

ဘာလဲမဆီမဆိုင် မှောက်တွေ ဒေါင်းတွေ၊ ယုန်တွေ၊ အလကားတွေ အလကားအိပ်မက်တွေ၊ သည်ကြားထဲ အရွှးကာတစ်မျိုး၊ မြှောက်ထိုးပင့်ကော် လုပ်ပေးပြန်သည်။

ဒင်းကြောင့် သည်လိုဖြစ်ရတာ။

နို့မို့ ကိုယ့်လမ်းကိုယ်သွားမည့်အဖြစ်။

သူငေးတိငေးကြောင်ရပ်နေသည်။

"ဟဲ့ မင်းယာ"

"ဟက် ... ဒေါ်မယ်ခ"

"မင်း ဖလံကျင်းကို ဆေးသွားယူတယ်ဆို"

"အာ ... အဲ ... အဲ ... ဟို ... ဟို"

"မင်း _ ဒီဝိုင်းမှာလာရွှေနေဟာ အံ့ပါရဲ့တော်၊ ဟိုမှာ မင်းသမီးကြီး အပူရှိန်တွေများပြီး သတိလစ်လစ်သွားလို့ အိမ်အေးကဟာတွေ ပြုစုနေရ တယ်"

"ဟာ ... ဒါဆို"

"အဲဒါ ဘယ်သွားမှာတုန်း"

"အိမ်ကိုလေ"

"အိမ်ကိုသွားရမှာ မဟုတ်ဘူးဟဲ့ မသာရဲ၊ ဖလံကျင်းကို မြန်မြန် ပြေးပြီးဆေးသွားယူချေ၊ ဒါမှသက်သာမပေါ့"

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်"





သူ့ရင်ထဲ ဗလောင်ဆူသွားပေပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ပြစ်တင် မဆုံးတော့။

ထို့ကြောင့် အပြေးတစ်ပိုင်းလျှောက်သည်။ လယ်ကွက်တွေကို ဖြတ်ပြေးသည်။

ညနေကစောင်းပြီ။

ဖလံကျင်းဆိုတာ ရွာနှစ်ရွာကိုဖြတ်ပြေးရသေးသည်။

ခရီးကနီးသည်မဟုတ်။ ယောက်ျားခြေနှင့်တောင် တစ်နာရီခွဲသာသာ သွားယူရသည်။

သည်ကြားထဲ ဖိနပ်စုတ်ကပြတ်သွားသေး၏။ သံယောဇဉ်မထား တော့။ လွှင့်ပစ်ခဲ့၏။

"ဟိုရောက်ရင် ဆရာကြီးကိုဘယ်လိုပြောရပါ့မလဲ"

ဦးမင်းယာဖြစ်နေသည်က အရူးတစ်ယောက်လို၊ မနားတမ်း ဆက်ကာဆက်ကာပြေးသည်။

အမောဖြေဖို့ပင်အချိန်မပေးနိုင်တော့။

ဖလံကျင်းရောက်တော့ မိုးစုန်းစုန်းချုပ်ပြီ။

ဆေးဆရာအိမ်ရောက် သူဟပ်ထိုးလိုက်နေသည်။

"ရုပ်ပျက်ဆင်းပျက်ဘယ်လိုဖြစ်လာရတာတုန်းကွဲ့"

"ကျွန်တော် ... ကျွန်တော် ... "

တော်တော်နှင့်စကားမပြောနိုင်။ ဆရာကြီး ရေတစ်ခွက်ခပ်တိုက်တော့မှ နည်းငြိမ်သွားသည်။

သည်တော့မှ အကြောင်းစုံကိုပြောပြနိုင်၏။

"ခွင့်လွှတ်ပါဆရာကြီးရယ်၊ ကျွန်တော့်ရဲ့မိုက်မဲမှုတွေပါ၊ ဆေးဖိုးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ နောက်လေးငါးရက်အတွင်း မရ ရအောင်ရှာပေးပါ့မယ်၊ အနူးညွတ်တောင်းပန်ပါတယ်''

''အင်း ... သုံးဆယ့်ခြောက်ကောင်ရဲ့ ဒုက္ခတွေက မသေးလှပါလားနော်''

ပြောသာပြောသော်လည်း ဆရာကြီးကဆေးတစ်ဖုံကို သေသေချာချာ ထုပ်ပိုးပေးပါသည်။

''ရောက်ရောက်ချင်းတိုက်လိုက်၊ မနက်ဖြန်ငါလာကြည့်ဦးမယ်''

''ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်''

''ရော့ အပြန်မှောင်တယ် မီးတုတ်ယူသွား''

အပြန်ခရီးမှာ ချောချောမွေ့မွေ့တော့မဟုတ်။ ကျင်းတွေ ချိုင့်တွေထဲကျသော အကြိမ်ကြိမ်၊ ခြေထောက်တွေ ဒဏ်ရာဗရပွ။ နာလှိုနာကောင်းမှန်းမသိ၊ ဆေးဘူးကိုတော့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ည(၈)နာရီ နီးပါးလောက်မှ ကျောက်စက်ကန်ကိုပြန်ရောက်သည်။

''အမေ့''

ရွာအဝင်ခလုတ်တိုက်ကာ ခြေမဟတ်တတ်ကွဲသွားခြင်းကြောင့် နာလိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။ သွေးတွေက တစက်စက်။ အနာပေါ် ဖုန်သိပ်ကာ ထော့နဲ့ထော့နဲ့လျှောက်လာခဲ့၏။

''ဝုတ် ဝုတ် ... ဝုတ် ဝုတ် ... ဝုတ် ဝုတ်''

ခွေးတွေက နင်းကန်ဟောင်သည်။

''တောက် ... ဒီခွေးတွေ ... ငါလုပ်လိုက်ရ''

အိမ်ကိုအဝေးမှလှမ်းမြင်လိုက်ရသည့်အခါ စိတ်ထဲတွင်တစ်မျိုးဖြစ်သွားသည်။

မီးတွေလင်းလင်းချင်းချင်း။

လူတချို့ကိုလည်းတွေ့ရ၏။

''ဘာဖြစ်တာလဲ''

ထိုကြောင့် မြန်မြန်လျှောက်သည်။

တဲအဝင်သို့ရောက်သောအခါ ...

''ဟိုမှာ ... ဦးမင်းယာပြန်ရောက်ပြီ''

တစ်ယောက်ကလှမ်းအော်ပြောတာဖြစ်သည်။

''အမလေး ... ခွေးထက်မိုက်တဲ့ လူကြီးရဲ့''

ရှုံ့ခနဲထွက်လာသော သူ့မိန်းမ၏အသံ။ ကြွေကြွေကွဲကွဲဆို့ဆို့ နစ်နစ်ဟာဟာလိုက်သောအသံ။ ဦးမင်းယာ၏ခေါင်းတွေကြီးသွားသည်။ မိန်းမက အတွင်းမှ ဝုန်းခနဲဆိုခုန်ဆင်းကာ သူ့ဆီပြေးလာလျှက် တဘုန်းဘုန်းထုတော့

''အသုံးမကျတဲ့ အဖေ ... နည်းနည်းလေးမှ အသိဉာဏ်မရှိတဲ့ ...''

တဲ အတွင်းလှမ်းကြည့်သည့်အခါ ... ပြင်ဆင်ထားသော သမီးလေး။

''ဟာ''

သူ့ပါးစပ်တွေ ဗိုင်းဟသွားလျှက် ဆေးဘူး လက်ထဲမှလွတ်ကျသွား

''သမီး''

သူ ခပ်သွက်သွက်ပြေးတက်သွားကာ သမီးကိုကောက်ပွေ့ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



"သမီးသေတာမဟုတ်ဘူး၊ ငါ့သမီးမသေရဘူး၊ မသေရဘူး"

"အခုမှ လာလွှမ်းမနေနဲ့၊ တော့်သမီး မိုးမချုပ်ခင်ကတည်း
သေတာ"

"သမီးအတွက် ဆေးယူဖို့သွားပါဆို ဟိုဝိုင်းမှာလေလွင့်နေတဲ့ လူ
လူအတ္တကြီး တော့်ကြောင့်တော့သမီးသေရတာ နားလည်လား"

"အမလေး ဖြစ်မှဖြစ်ရလေတယ် ... သမီးရယ်၊ ဖြစ်မှဖြစ်ရ
တယ်"

ယောက်ျားတန်မဲ့ မျက်ရည်တွေတွေကျသည်။ အော်အော်ဟစ်
ပေါက်ပေါက်ကွဲကွဲငိုသည်။

"ဟုတ်တယ် သမီးသေရတာငါ့ကြောင့်၊ ငါအသုံးမကျလို့ အခုလို
တာ၊ အဖေ့အပြစ်တွေပါသမီးရယ်၊ အဖေ့အပြစ်တွေပါ"

သမီးအလောင်းကိုပြန်ချလျှက် တိုင်နှင့်ခေါင်းနှင့်ဆောင့်သည်။

"ဒုန်း ... ဒုန်း ... "

"ဟော့လူ ... အဲလိုတွေမလုပ်နဲ့လေဗျာ၊ ခင်ဗျား ဒီလိုလုပ်တော့
သေတဲ့လူက ပြန်ရှင်လာမှာလား"

အိမ်နီးချင်းတွေ ဝိုင်းတားသည်။

"ကျုပ်စိတ်ထိခိုက်လွန်းလို့ပါဗျာ၊ ကျုပ်အမှားတွေကြောင့် ကိုယ့်ကို
ကိုယ်အပြစ်ပေးတာပါ ဟီး ... ဟီး ... ဟီး"

"သေချိန်တန်လို့သေတယ်ပဲမှတ်လိုက်တော့"

"ဘယ်လိုဖြေလို့ရနိုင်မလဲဗျာ ... အီး ... ဟီး ... ဟီး"

အ,သုဘအိမ်လေးက စည်စည်ကားကားဖြစ်လာသည်။ ဝေအ
တကောရောက်လာသည်။





ဒေဝနှင့် မဖျိုင်းရောက်လာသည်။ ရွာခလေ့ဆိုတော့ ဝိုင်းကြ ဝန်းကြ
ကူပြုကြ တက်ညီလက်ညီရှိကြသည်။

ဦးမင်းယာတစ်ယောက်မှာတော့ တော်တော်နှင့်ငို၍မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com

## မကျွတ်မလွတ်သော မြကြေးမုံ

အလောင်းကို တဲဝိုင်း၏တောင်ဘက်စွန်းနေရာတွင်ထားသည်။ ယ
ဆို နှစ်ရက်မြောက်ရှိပြီ။ ဦးမင်းယာမှာ ခြေထောက်မှဒဏ်ရာများကြောင့် အ
အလဲ ဖျားနေသည်။

အိပ်ရာထဲမှ ထ,လို့ကိုမရ။

အိပ်မက်တွေတော်တော် ဆန်းကြယ်လွန်းလှ၏။ အခန်းကျဉ်းလေး
တွင် သူကရောက်နေကာ အကောင်ပေါင်းသုံးဆယ့်ခြောက်ကောင်က ဝ
လျက် ကိုက်ဖြတ်စားသောက်ကြလေသတဲ့။

နာကျင်လွန်းသဖြင့် အပြင်းအထန်အော်ဟစ်နေရသည်။ အရိုးပေါ်
ဖြစ်နေသည့်တိုင် သူသေမသွား၊ သတိလစ်မသွား၊ လူအရိုးစုနှင့်တူနေသေး
၏။

သူမှာအာခေါင်ခြစ်လျက်အော်နေရသည်။

"ကိုမင်းယာ ... ကိုမင်းယာ"

ငတေ ကိုယ်ကိုလှုပ်နှိုး၍ နာမည်ခေါ်သည်။





"ကိုမင်းယာ ... ကိုမင်းယာ ခင်ဗျားဘာတွေ ဘာတွေယောင်ပြီး အော်နေတာလဲ"

"နာ ... နာ ... နာလွန်းလို့ပါကွာ"

"ခြေထောက် တဆစ်ဆစ်ကိုက်နေတာမို့လား"

ထိုအခါမှ အိပ်မက်မက်နေမှန်း သဘောပေါက်သွားပြီး ခေါင်းကိုညိတ်လိုက်၏။

"တော်ပြီကွာ နောက်ဆို သုံးဆယ့်ခြောက်ကောင် မကစားတော့ဘူး"

"စိတ်ပြေတဲ့အခါကျတော့ တစ်မျိုးပေါ့"

"ကျုပ်ထန်းရည်ဝယ်လာတယ်၊ ခင်ဗျားကိုက်တာပြုတာသက်သာသွားအောင် သောက်လိုက်ပါလား"

"အင်း ကောင်းသားပဲ"

သူတို့တဲနောက်ဘက် သရက်ပင်အောက်သို့ဆင်းကာ ထန်းရည်ထိုင်သောက်နေကြ၏။ သူတို့တဲလေးအတွင်းနှင့် ကနဖျင်းတွင်အောက်လင်းဓာတ်မီးအိမ်ကြီးများ ထွန်းထားသောကြောင့် ထိန်ထိန်ညီးနေသည်။ ဖဲဝိုင်း (၃) ဝိုင်းရှိသည်။

နဂိုကတည်းက အလောင်းအစားသန်သည့်ရွာမို့ အခုအခြေအနေမျိုးတွင်အကြိုက်ပေါ့ဟု ပြောရမလိုပင်။

"ရွာကလူတွေ အလုပ်သာမလုပ်ချင်တာ လောင်းဖို့ပြုဖို့ဆို ငွေတွေက ဘယ်ကထွက်ထွက်လာမှန်းမသိဘူး"

"သူနည်းသူ့ဟန်နဲ့ရှာဖွေကြတာပါပဲ"

"ဒါနဲ့ ... ဒီနေ့ မင်းငါးရွာမထွက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကိစ္စပြီးမှပဲ ထွက်မယ်"

"မင်း ခုနောက်ပိုင်းစားကျက်ကောင်းကောင်း တွေ့ထားတယ်နဲ့တူတယ်"

"နောက်တော့ အဲဒါတွေ ကျွန်တော်ပြောပြပါ့မယ်"

"မင်းကလည်း ဝှက်နေပြန်ပြီ"

"ဒါလည်း အကြောင်းကြောင်းကြောင့်ပေါ့ဗျာ"

မဖျိုင်း ဖဲဝိုင်းကိုထိုင်ငေးနေရာမှ တဝါးဝါးသမ်းလာသည်။ မျက်ခွံတွေက ပိသသလေးနှင့်ဆွဲခ်ထားရသလို။

"ဝါး"

"အိပ်ချင်ရင် အိမ်ပြန်အိပ်တော့ဗျာ၊ အနားလာပြီး တဝါးဝါးသမ်းမနေနဲ့ လာဒ်ပိတ်တယ်"

ဖဲသမားတစ်ဦးက ကျီစယ်သလိုလိုနှင့်ဆိုသည်။

"အမလေး သာဒ်ခင်ရယ်၊ ဖြစ်မှဖြစ်ရတယ်လို့၊ ငါအိပ်ချင်တာ နင်နဲ့ဘာမှမဆိုင်ဘူး။ ရှုံးချင်ရှုံးမှာပဲ နိုင်ချင်နိုင်မှာပဲ"

"နိမိတ်မကောင်းဘူးဗျ"

"သောက်ကောင် လက်ထဲမှာတစ်ပြားမှမကျန်အောင် ရှုံးပါစေတော်၊ တကယ် _ တကယ်"

မဖျိုင်းထိုင်ရာမှ ထ,လိုက်သည်။ ယင်းနောက် ဦးမင်းယာထိုင်နေရာသရက်ပင်အောက်သို့လာခဲ့သည်။

"တော်တို့ ကျူပ်အရက်တော့မသောက်ဘဲ ထန်းရည်ပဲသောက်နေ"

"ပြန်တော့မလို့လား"

"ဟုတ်တယ် ... အိပ်ချင်ပြီ၊ ဘာမှလုပ်စရာလည်းမရှိတော့တာ၊





မနက်ကျမှစောစောလာခဲ့မယ်"

"အင်းလေ ... ပြန်ချင်ပြန်ပေါ့"

"ဟဲ့ _ ငတေ _ နင် ညနေပိုင်း ငါ့ဆီကဝယ်ဝယ်သွားတဲ့ အရက်တွေ ဘယ်ပြန်ရောင်းစားတာလဲ"

ငတေ ... အဖြေရကျပ်သွားကာ ...

"အသိတွေတိုက်တာပါ မဖျိုင်းရ"

"ကောင်းတယ်၊ ကောင်းတယ် နင်များများဝယ်လေ ငါရောင်းရလေပဲ၊ နောက်ဆို အဲသလိုမှန်မှန်သာဝယ်"

"ပြီးခဲ့တဲ့အပတ်က မဖျိုင်းပြောခဲ့တဲ့ ဒေါင်းက တစ်ခါတည်းဒေါင်းသွားတာပဲနော် ... ဟဲ ... ဟဲ ... ဟဲ"

"ငါလည်းသူများပြောတာ ပြန်ပြောရတာဟဲ့ သေနာရဲ့ _ ငါတောင်ပါသွားသေးတဲ့ ဥစ္စာ"

"ဟုတ်ပါ့ဗျာ၊ တစ်ရွာလုံးကို တဒေါင်းဒေါင်းဖြစ်နေကြတာ"

ထိုသို့ဆိုလာသောအခါ ဦးမင်းယာသမီးလေးကိုပြေး၍ လွမ်းမိရသေး၏။

ဒေါင်းထွက်သောနေ့က ဆိုးခဲ့ရသောကံကြမ္မာ။ ဦးမင်းယာ မျက်နှာတွေပျက်သွားတာ မဖျိုင်းချက်ချင်းရိပ်မိလိုက်ပြီး အားနာသွားဟန်ဖြင့် ...

"ကဲ _ ကျူပ်ပြန်ပြီတော်ရေ့ အချိန်ကမနည်းတော့ဘူး"

မဖျိုင်းတဲဝိုင်းအပြင်ဘက်သို့ ထွက်သွားခိုက် သူတို့နှစ်ယောက်ဆက်သက်စကားပြောနေခဲ့၏။

သိပ်မကြာ။

တကယ့်ကိုခဏလေး။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... အမေရေ ... ကယ်ပါဦး"

မဗျိုင်း အူယားဖားယားဖြင့်တဲအတွင်းသို့ ပြေးဝင်လာသောကြောင့် သူတို့ကြောင်သွားသည်။

ကနဖျင်းထဲအရောက် မဗျိုင်းလဲကျသွား၏။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

အားလုံးကဝိုင်းမေးကြသောအခါ မဗျိုင်းမှာ မျက်လုံးပြူး၊ မျက်ဆံပြူး ဖြင့် ...

"ဟို ... ဟို ... ဟို ... အခေါင်း ... အခေါင်း"

"အခေါင်းမှာ ဘာဖြစ်တာလဲ"

"သူ ... သူ ... သူ"

"လုပ်ပြန်ပြီ ... ဘယ်သူလဲ"

"ရေတိုက်လိုက် ... ရေတိုက်လိုက်"

တစ်ယောက်ကရေခပ်တိုက်သည်။ သည်မိန်းမ ဘာကိုမြင်လာခဲ့မှန်း မသိ။

အလန့်တကြားပုံစံ။

"ဖြည်းဖြည်းပြော"

"ကျုပ်အပြန်မှာ အခေါင်းကိုတစ်ချက်ကြည့်လိုက်တော့ အားပါးပါး အခေါင်းအဖုံးကြီးပွင့်ပြီး မြကြေးမုံ ငုတ်တုတ်ကြီးထ,ထိုင်နေတာ"

"ဟေ"

"ဟင်"

"မဟုတ်တာ မဗျိုင်းရယ်"

"ဟုတ်ပါတယ်ဆို ... ကျုပ်ကိုယ်တိုင် ဒီမျက်စိကြီးနဲ့မြင်ခဲ့ရတာ"





တချို့မိန်းမတွေကြောက်သွားကြသည်။ တချို့ယောကျ်ားတွေက မဖြစ်နိုင်ဟုဆိုကာ မီးတုတ်ထွန်းလျှက်သွားကြည့်ကြ၏။

အခေါင်းမှာ ပုံမှန်အတိုင်းပင်။ ပွင့်ခြင်းပြုခြင်းမရှိ။ ငုတ်တုတ်ထိုင်ဖို့ ဆိုတာဝေလာဝေး။

"မဗျိုင်းတို့ကတော့ကွာ အိပ်ချင်မူးတူးနဲ့"

သွားကြည့်သူ ယောကျ်ားတွေပြန်လာခဲ့ကြသည်။

"ဘာမှမဟုတ်ပါဘူး"

"ကျုပ်မြင်ခဲ့ရတာတော့ အသေအချာပဲ"

"ခက်တော့ခက်နေပြီ"

"မြင်ရုံတင်မကဘူး။ ကျုပ်ကိုတောင် လက်ယက်ခေါ်နေသေး"

"တော်စမ်းပါဟာ"

ဦးမင်းယာနှင့် ငတေမှာ နားမလည်နိုင်အောင်ဖြစ်ရသည်။

"ကျုပ်ပြန်မယ် တစ်ယောက်ယောက်လိုက်ပို့ပေး"

"ကိုယ့်တာသာကိုယ်ပြန်"

"မပြန်ရဲပါဘူးဆို"

ဒေဝနှင့်တင်ရွှေ ပြုံးယဲ့ယဲ့လေးလုပ်လျှက် ...

"ကျုပ်တို့နှစ်ယောက်လိုက်ပို့ပေးမယ်၊ အရက်တိုက်မလား"

မဗျိုင်းတစ်ချက်တွေဝေသွားသည်။

နောက်မှ ...

"တိုက်မယ် ... တိုက်မယ် လိုက်သာလိုက်ပို့"

"အရမ်းကပ်စေးနည်းတဲ့ မဗျိုင်း၊ အခုဟာတကယ်ကြောက်သွားလို့ မို့အရက်တိုက်ဖို့ဝေးသေး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ခြောက်တာကိုတော်၊ တကယ်ကြောက်မှာပေါ့"

တချို့က မပွင့်တစ်ပွင့်ရယ်သည်။

တချို့က ခပ်ဟဟပင်မရယ်ရဲ။

တချို့ဆို တကယ်များလားဆိုသည့် အတွေးနှင့် စိုးရိမ်နေကြသည့် မျက်နှာများ။

⁂♦⁂



## အရက်သမားသရဲ

သူကြီးဖိုးတာတစ်ယောက် ငတေ့အပေါ်သက်သာမကောင်းရှိနေခဲ့သည်မှာ ကြာပြီ။ တခြားရွာတွင်ငါးတွေ သွားသွားပြီးရောင်းနေတာ သတင်းကြားသည်။ ဒါတွေ ဘယ်ကရသည့်ငါးတွေလဲ။ ပြီးတော့ နှစ်ချို့ငါးရံ့တွေများသည်။ ဒါ်ဆို မြစ်ငါးတွေမဟုတ်တာတော့ ကျိန်းသေပြီ။ နှစ်ချို့ငါးတွေဆိုလို့ 'ကေစေတု' ရေကန်ကြီးသာရှိသည်။

နောက်တစ်ဆင့် သူကြီးက သူ့တပည့်တွေလွှတ်ကာ ငတေကိုစောင့်ကြည့်နိုင်းခဲ့သည်။

"ဒီကောင် ညပိုင်းဘယ်သွားပြီး ငါးရှာတယ်ဆိုတာစောင့်ကြည့်"

"ဟုတ်ကဲ့ သူကြီး"

"တားမြစ်ထားတဲ့ ကန်ကိုသွားလို့ကတော့ သက်သေနဲ့အမိဖမ်း။ ကောင်ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမယ်"

ထိုနေ့ည မောင်စိန်နှင့်သံချောင်း မယောင်မလည်နှင့် ငတေကိုစောင့်ကြည့်နေခဲ့သည်။ ငတေ ဦးမင်းယာသမီး အသုဘအိမ်တွင်ရှိနေခဲ့သည်။ ဘယ်မှ



www.burmeseclassic.com

www.burmeseclassic.com



သွားတာလာတာမတွေ့။ ဖဲပိုင်းတွင် ထိုင်ရင်းကြည့်နေခဲ့၏။ သည်ကြားထဲ
မြကြေးမုံက မဗျိုင်းကိုခြောက်လိုက်သေးသည်။

အခေါင်းကြီးပွင့်ပြီး ငှက်တုတ်ကြီးကိုမြင်လိုက်ရသတဲ့။

သူတို့နှစ်ယောက်လုံး လူမကြောက်သော်လည်း သရဲတော့ကြောက်
သည်။

''မဗျိုင်းမြင်တာ ဖြစ်နိုင်ပါ့မလား''

''ဘယ်ပြောတတ်မလဲကွ''

''ငါသာမြင်ရရင်ထွက်ပြေးမှာ''

''လက်ယက်တောင် ခေါ်နေသေးတာတဲ့ ကြက်သီးထ,စရာ''

မောင်စိန်နှင့်သံချောင်း တီးတိုးပြောနေကြခြင်းပင်။

နောက်တစ်ရက် ...

အသုဘသဂြိုဟ်သည့်ရက်။

မြကြေးမုံလေး အသုဘသည်အလွန်စည်ကားခဲ့သည်။ ငယ်ငယ်ရွယ်
ရွယ်ဖြစ်ပြန်။ ရုပ်လေးလှသည့်မို့ သနားကြတာလည်းပါသည်။

အစစအရာရာ အဆင်ပြေပြေချောချောမွေ့မွေ့ရှိခဲ့သည်။ သို့သော်
သုသာန်မရောက်မီ အခေါင်းထမ်းလူငယ်တချို့ မူးမူးနှင့် အလောင်းကစားရာ
ခြေရင်းဘက်မှပြုတ်ကျသွားခဲ့၏။

''ဟဲ့ ... ဟဲ့ ... နင်တို့ တော်တော်အဆော့ကြမ်းကြပါလား။
အလောင်း အခုလိုဖြစ်တာမကောင်းဘူးနော်''

ရှေ့မီနောက်မီ လူကြီးတွေကဆိုကြသည်။ တစ်စုံတရာဖြစ်လာမှာ
စိုးရိမ်ကြသည်။ အခြားတော့ထွေထွေထူးထူးမဆိုကြ။

ထိုညက မောင်စိန်နှင့်သံချောင်း ငတေကိုဆက်စောင့်ကြည့်သည်။



(၉) နာရီလောက်တွင် ... ငတေ အိတ်ကြီးတစ်လုံးလွယ်၍ထွက်သည်။
တမိန်းမက ...

''ရှင့်မိတ်ဆွေအတွက် ကျုပ်အမြည်းကောင်းကောင်းလုပ်ပေးလိုက်
ယ်၊ ဝါးဆစ်ဘူးထဲမှာ အရက်အပြည့်နော်''

''အေးပါ''

ချုံကွယ်တွင် ဝပ်၍နားထောင်နေသော သူတို့ ထိုစကားအဓိပ္ပာယ်ကို
မလည်။

''ဘာတွေလဲ''

''ဘယ်သိပါ့မလဲ''

ထို့နောက် ...

သေ့နောက်မှ တိတ်တဆိတ်လိုက်ခဲ့ကြသည်။ အကာယ်၍ ငါးရှာထွက်
ည်ဆိုလျှင် ငါးဖမ်းကိရိယာလက်နက်တစ်မျိုးမျိုးတော့ပါရမည်။ ခုတော့ ဘာ
က်နက်မှမပါ။ ဒါဆို ဘယ်သွားမှာပါလိမ့်။

ဥစ္စာစောင့်ကုန်းရောက်တော့ သူတို့ဖြုံသွားသည်။

''ဒီကုန်းက နာမည်ကြီး''

''ဒီကောင့်နှယ်ကွာ ...မကြောက်မလန့်''

ညာဘက်သို့ချိုးကွေ့လိုက်တော့မှ သူတို့သဘောပေါက်သွားသည်။

''ဟုတ်ပြီ ... ဒီကောင် တားမြစ်ရေကန်ကိုသွားနေတာ''

''လမ်းကောင်းကသွားရင် လူရိပ်မိမှာစိုးလို့''

''တတ်ပဲတတ်နိုင်လွန်းတဲ့ကောင်''



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကြသေးတာပေါ့ ငတေရယ်"

ထိုညက လဆန်းရက်မို့ လရောင်နည်းနည်းမိုသည်။

ငတေညောင်ပင်ကြီးဆီသို့လျှောက်သည်။ လေလေးတချွန်ချွန် သီချင်းလေးတမြမြ။ ပတ်ဝန်းကျင်ကို ဂရုမထားလေဟန်။

ညောင်ပင်ဆီရောက်တော့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ မော နှင့် သံချောင်းက မျက်ခြေပြတ်မခံ။ ကန်ကိုရောက်နေပြီ။ သက်သေသာရှ ငတေဘာမှမတတ်နိုင်တော့။ ထိုသို့ဆိုလျှင် သူတို့မျက်နှာကောင်းရမည်။ အ အရေးပိုလာမည်။ ကိုင်းတောမင်းတန်းသို့ဝင်ကာ ချောင်းကြည့်နေလိုက်

အမှန်စင်စစ်ဘာမျှမဝေး။ ငတေလှုပ်ရှားမှုမှန်သမျှကို တိတိပပမြင် သည့်နေရာ။ ငတေ ဘာလုပ်လုပ်၊ ဘာကိုင်ကိုင် အတတ်သိနိုင်သည့်နေရ

"ငတေကညောင်ပင်အောက်မှာ စမတ်ကျကျထိုင်ပြီး ဘာလုပ်နေ လဲ"

"ဟော့ကောင် ... ရှူး ... တိုးတိုးပြောစမ်းပါကွ"

သံချောင်းက လှမ်းသတိပေးလိုက်သည်။ ငတေ့ကိုဆက်လက်စေ ကြည့်ကြသည်။

"မိတ်ဆွေကြီးရေ ... ကျုပ်ရောက်ပြီဗျို့"

ငတေအသံကခပ်အုပ်အုပ်ဖြင့်လှမ်းအော်သည်။ မောင်စိန်နှင့် သံချေ က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ဘာလဲဟူသည့်မျက်လုံး ဖြင့် ...

"လာဗျာ ... ဟော့ဒီမှာ အမြည်းကောင်းကောင်းနဲ့အရက်"





ငတေက သူ့ရှေ့တွင် လူတစ်ယောက်ရှိလေဟန်ဖြင့် ပြောဆိုနေလေသည်။

"ကြိုက်သလောက်သောက်၊ ကျုပ် ခင်ဗျားအတွက် ယူလာတာ ချမ်းပါ"

ငတေက သူ့ရှေ့အရက်ခွက်ထဲသို့ အရက်များကို ငှဲ့ထည့်ပေးသလို ကိုယ်တိုင်လည်း အကြိုက်သောက်နေ၏။

သံချောင်းနှင့်မောင်စိန်တို့လည်း ငတေလုပ်နေသည့်လုပ်ရပ်အပေါ် ကြောက်ကြောက်နှင့်ကြည့်နေကြသည်။ အသံလည်းမထွက်ရဲ။ ငတေက အရက်ခွက်ကိုသောက်ပြီးတိုင်း သူ့ရှေ့ကခွက်ကိုမြေကြီးပေါ်သို့ သွန်ချသည်။

သံချောင်းက မောင်စိန်အား နှစ်ယောက်ကြားရုံလေသံလေးနှင့်–

"ဒီကောင် ဘာသဘောနဲ့ ဟိုခွက်ထဲကအရက်တွေကို သွန်ပစ်တာလဲ"

"ရည်ရွယ်ချက်တစ်ခုနဲ့လုပ်နေတာနေမှာ အသာကြည့်နေ"

"အေးပါ ... ငတေ ဘာလုပ်တယ် ဘာကိုင်တယ်ဆိုတာ သိရအောင်

သံချောင်းပြောတာကို မောင်စိန်က ခေါင်းညိတ်လိုက်သည်။

"ရှိုးတော့ မရှိုးဘူးကွ"

"ငါလည်း အဲဒီလိုပဲ ထင်တယ်"

နှစ်ယောက်စလုံး ကြောက်ဒူးတွေတုန်ကာ ချွေးသီးချွေးပေါက်များပင် …လာသည်။

ငတေက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း တအားမူးနေပြီ၊ တာဝန်လည်းကျေပြီ၊ ခင်ဗျား ကျုပ်ကို ကူညီတော့"

ပြောလိုက်ပြီး ရေစပ်သို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာကာ ဟိုဟိုဒီဒီ လိုက်ကြည့်ရာ ဝါးချွတ်တစ်ချောင်းကိုတွေ့တာနှင့် ကောက်ယူ၍ ရေစပ်သို့ အနည်းငယ်ဆင်းပြီး ရေကိုသေချာကြည့်နေသည်။

ခဏကြာတော့ အသံကျယ်ကျယ်ဖြင့် ...

"ရော့ကွာ လာထား တစ်ကောင်"

ရေထဲသို့ ဝါးချွတ်ကိုစိုက်လိုက်ပြီး ပြန်မြောက်လာတော့ ဝါးချွန်ထိပ်တွင် ငါးကြီးတစ်ကောင်ပါလာ၏။

သံချောင်းက မောင်စိန်အား ...

"ဟာ ... ထူးဆန်းလှချည်လား"

"အေးကွ ... ဒီကောင် ဒီလောက်လက်မှန်းမတည့်ပါဘူး ... ဘယ်လိုဖြစ်တာလဲ"

ငတေက ဝါးချွန်ထိပ်မှ ငါးကိုဖြုတ်ကာ နောက်တစ်ကြိမ် ရေပြင်ထဲ ဝါးချွန်နှင့်ထိုးပြန်သည်။ ဆက်ကာဆက်ကာ ရေပြင်ကိုထိုး၍ ခဏကြာတော့ ငါးအကောင်များစွာရလေသည်။

"ဟား ဟား မိတ်ဆွေကြီးရေ ကျေးဇူးပဲ၊ ရော့ ခင်ဗျားအတွက် အကောင်ကြီးကြီးတစ်ကောင်"

ငတေက အကြီးဆုံးငါးတစ်ကောင်ကိုရွေး၍ အပင်ကြီးအောက်သို့ ပစ်ချလိုက်ရာ မောင်စိန် ဒူးတွေတဆတ်ဆတ်တုန်လာပြီး ...



"သံချောင်းသွားမယ်"

"အေး"

သံချောင်းက အသံတုန်တုန်ဖြင့် ပြန်ပြော၍ နှစ်ယောက်သား ပြေးထွက်လာရာ သူတို့နောက်က ကြောက်မက်ဖွယ်ရယ်သံကြီး ထွက်ပေါ်လို့လာသဖြင့် ခြေကုန်ထုတ်ကာ ပြေးလာတော့သည်။

"ဟား ... ဟား ... ဟား ... "

"ဟား ... ဟား ... ဟား ... "



www.burmeseclassic.com

www.burmeseclassic.com

## နတ်ကွန်းရှေ့မှတစ္ဆေ

ဦးချမ်းသာ ညစာစားပြီးသည့်နောက် ပြူနေကျအမှုတစ်ခုကိုတေ
လိုက်သည်။ ရေဖြန်းထားသော နှင်းဆီရဲရဲ (၇)ပွင့်ကိုယူသည်။ အမွှေးနံ့သာ
ချောင်းများကိုယူသည်။ ဆီမီးထွန်းရန် ဆီပုလင်းကိုယူသည်။

မနက်ဖြန်သုံးဆယ့်ခြောက်ကောင်ဖွင့်မည့်နေ့။ ထိုသို့သောနေ့မရောက်
မီ အကြိုညတွင် သူထိုသို့အမြဲတမ်းပူဇော်နေကျ။ အိမ်ပေါ်ထပ်မှအောက်သို့ဆင်း
လိုက်ချိန်တွင် ရွာဦးကျောင်းမှ ရှစ်နာရီတုံးမောင်းခေါက်သံကိုကြားရ၏။ သူ့အိမ်
တော်နှင့် နတ်ကွန်းမှာ သိပ်မဝေးလှ။ အေးအေးလူလူလျှောက်လာခဲ့သည်။

နတ်ကွန်းဆီရောက်သည့်အခါ ဆီမီးကိုထွန်းလျှက် အမွှေးနံ့သာချော
များကိုမီးညှိသည်။ နှင်းဆီပန်းများကို ထိုးစိုက်လိုက်၏။ ထို့နောက် _ ဆုတော
မှုကိုပြု၏။

ဆုတောင်းခြင်း၏အဓိကအချက်မှာ မနက်ဖြန်သူ့အတွက်လာ
များများဝင်စေရန်ဖြစ်သည်။ ရွာသူရွာသားများထံမှ ရယူခဲ့သောငွေကြေးတွေ





မနည်းတော့။ အတွေးအခေါ်နည်းပါးသော သူတို့၏ဦးနှောက်ထဲသို့ ထင်ယောင်
ထင်မှားဖြစ်စေသော အတိတ်စိမ်းများကိုပေးခဲ့သည်မှာလည်း မရိုးနိုင်။ အချို့
တန်လျှင် အလွဲတွေသာများသည်။ ပေါက်သွားသူကအနည်းအကျဉ်း။ လူတွေ
လောဘဇောကြောင့် များများထိုးလေလေ၊ သူ့အတွက် သည်းခြေကျက်လေလေ
ပင်။

သူ့မိသားစုအတွက် တစ်သက်စာမက ဆယ်သက်စာ လောက်ပင် ဓိကုန်
နိုင်။

အများက သူ့ကိုသူတော်ကောင်းတစ်ဦးအဖြစ် မြင်စေရမည်။
ပေးကမ်းစွန့်ကြဲရာတွင် လက်မနှေးသူဟု မှတ်ယူစေရမည်။ ရွာသူရွာသားများ
အပေါ် စေတနာထားသူဟု အဓိပ္ပာယ်သက်ရောက်စေရမည်။ ဒါက သူ့
နည်းပရိယာယ်များ။ အတွေးများ ... ။

သူဆုတောင်းပြီးသည့်နောက် သုံးဆယ့်ခြောက်ကောင်ရုပ်တုကြီးကို
ငေးနစ်နစ်ကြည့်လိုက်သည်။ ဘယ်အခါကြည့်ကြည့် ကျက်သရေရှိနေသည်က
အမှန်ပင်။ ငွေကြေးတော်တော်များများ အကုန်ခံကာ ထုဆစ်ထားသောနတ်ရုပ်။
မျက်နှာပြင်ကို ရွှေအတိချထားသည်။ သည်လောက် အလေးအမြတ်ထားခဲ့သည့်
ရုပ်တုကို မြို့ပိုင်ဝန်ထောက်ဝေဖန်သွားသော မှတ်ချက်ကို သူဘဝင်မကျနိုင်။
သူကနတ်အားလုံးကို ခြုံ၍ပြောသွားခြင်းဖြစ်သည်။

"၃၇ မင်းအပါအဝင် ဒီလိုနတ်တွေဟာ နတ်ပြည်ခြောက်ထပ်ဝင်
အထက်နတ်တွေမဟုတ်ဘူးဗျ။ စာပေကျမ်းဂန်တွေထဲမှာတော့ အောက်နတ်တွေလို့
ဆိုပြကြတာပဲ၊ ဖာတ်သဘင်တွေကတော့ နတ်စိမ်းလို့ခေါ်ကြတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနတ်စိမ်းတွေအကြောင်းကို သဘင်သည်တွေက အမြင့်တင်အော
ဆိုပြီး ခေါင်းပေါင်းနှစ်ဆဖောတ်ထိုးပေါင်း လူမျက်နှာရှိတဲ့သတ္တဝါတွေလို လုပ်ပြီ
ကကြတာ၊ အမှန်မှာက အရိုးကျဲကျဲ မျက်လုံးဟောက်ပက် ပြိတ္တာတွေ၊ အမွေးထူထူ
နားရွက်ကားကား ပြိတ္တာတွေ၊ ဒီလိုရုပ်တွေအတိုင်းဆို ဘယ်သူကစိတ်ဝင်စားကြ
မှာလဲ၊ လန့်တောင်လန့်ကြဦးမှာ၊ ခုတော့ ပန်းပုထုလည်း မျက်နှာတွေက
ချောချောလှလှတွေ၊ သနားစရာလိုလို ဘာလိုလို''

မြို့ပိုင်ဝန်ထောက်မှီ ဘာမှမငြင်းဆန်လိုက်။ သူကသြဇာရှိသည်။
အာဏာရှိသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုးကွယ်မှုက
ကိုးကွယ်မှုပင်၊ အရုပ်ဆိုးကိုလှအောင်ထုသော်လည်း ဘာဖြစ်သေးလဲ၊ ဦးချမ်းသာ
ကအသူ့စကားကို စိတ်မဝင်စား။ လောလောဆယ်ဆယ် သူ့ကိုကယ်မနေသည်က
တော့အမှန်ပင်။

ဆုတောင်းခြင်းကိစ္စပြီးဆုံးသွားသည်မှီ မတ်တတ်ရပ်လိုက်သည်
နတ်ကွန်း အပြင်သို့ထွက်လိုက်သည့်အခါ အေးမြသောလေညင်းတစ်ချက်က
ခပ်ဖြည်းဖြည်းလေးတိုက်ခတ်သွားသည်။ နတ်ကွန်းရှေ့ရှိကွက်လပ်သည် တိတ်
ဆိတ်ငြိမ်သက်လို့နေ၏။ ရွှေရောင်တုတ်တိုင်ကမားမားမတ်မတ်။

''ဘာလဲဟ''

ကွက်လပ်ပြင်တစ်နေရာတွင် ဖြူဖြူအရိပ်သဏ္ဍာန်တစ်ခု။ ဆံပင်တွေ
လေထဲလွင့်နေသည်ဟု ထင်ရသည်။ ခန္ဓာကိုယ်က မိန်းကလေးတစ်ယော
အချိုးအစား။

''ငါ မျက်လုံးမှားတာလား''



လူက အခုတလော အားနည်း၍ အမြင်အာရုံတို့ သိပ်မကောင်းလှ။
ချကြည့်တော့လည်း ဘာမှမရှိပြန်။

''အူး ... ဝူး ... ''

ရုတ်တရက် အဝေးကခွေးအူသံသဲ့သဲ့ကို ကြားလိုက်ရ၍ ရပ်ထဲ ထိတ်ခန်
သွားသည်။

''ဟင်''

သူထပ်တွေ့တာလား စိတ်ထဲထင်နေတာလားတော့မသိ။ ဖြူဖြူ
ဏ္ဍာန်အရိပ်က သူ့ဆီလာနေသလိုဖြစ်ကာ ခွေးအူသံတို့ကလည်း ပို၍
လာသည်။

ရွာထဲတွင်လည်း မြကြေးမုံဆိုးတာ ကြာသေးတာမဟုတ်။ စိတ်ထဲ
ကဲ့သလို ကြောက်စိတ်က လွှမ်းမိုးလာ၍ ရသမျှဘုရားစာတို့ကိုရွတ်ကာ
သို့ ခပ်သွက်သွက်လျှောက်လာပြီး တံခါးကိုသေသေချာချာပိတ်လိုက်သည်။
သူ ချက်ချင်းအိပ်ပျော်မှာမဟုတ်။ မျက်လုံးထဲတွင် မြကြေးမုံရဲ့ပုံရိပ်
ကြောက်စရာအသွင် မြင်လို့သာနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပေါက်ကောင်လာပေးသူ

မြကြေးမုံ သေဆုံးပြီးထဲက မိခင်ဖြစ်သူ ဒေါ်မယ်တင်မှာ မစား… မအိပ်နိုင် တမှိုင်မှိုင်တတွေတွေဖြစ်နေတဲ့အပြင် တစ်ခါတရံ ကယောင်ကတ… တွေ ထပြောလို့နေသည်ကို မင်းယာက မမယ်တင်အား …

''မင်းကွာ စိတ်အစွဲအလမ်းတအားမကြီးပါနဲ့၊ ကိုယ့်ကိုယ်ကို… ဒုက္ခပေးသလိုဖြစ်နေပါ့မယ်''

''ဟင့်အင်း … ဆေးကုဖို့တောင် ပိုက်ဆံမရှိတော့လို့ သေသွား… ကျွန်မသမီးလေးအတွက် ကျွန်မ ဝမ်းနည်းလို့မဆုံးဘူး''

''ဟင်''

ကိုမင်းယာက ကိုယ့်အပြစ်နဲ့ကိုယ်မို့ ငြိမ်၍သာနေလိုက်ရသည်။

မမယ်တင်တစ်ယောက် တစ်နေ့တခြား ပိန်လို့လာပြီး အားအင်… လည်း ဆုတ်လျော့လာ၏။





တစ်ည …

မမယ်တင်တစ်ယောက် ဘယ်လိုမှ အိပ်မရသဖြင့် အိမ်ရှေ့ကွပ်ပျစ်… …တွင် တစ်ယောက်ထဲ ငိုင်ကာ မြို့ဝသို့ ကြည့်နေစဉ် …

''အမေ''

''ဟင်''

ရုတ်တရက် ကြားလိုက်ရသည့်အသံကြောင့် မမယ်တင် ရင်ထဲ… …လို့သွားသည်။ အသံက သူ့သမီးလေး မြကြေးမုံရဲ့အသံအစစ် …

မြို့ဝသို့ လှမ်းကြည့်တော့ ညအမှောင်ထဲတွင် မိန်းကလေးတစ်ယောက်… …ကို လှမ်း၍ခေါ်နေသည်။

''သမီး''

မမယ်တင် ပါးစပ်က လွှတ်ခနဲထွက်သွားပြီး သူ့သမီးအနားသို့ …ပြေးတစ်ပိုင်းဖြင့် ရောက်လာသည်။ အနားရောက်တော့ ရှေ့ဆက်တိုးလို့… …တော့။

မပီမိုးတဝါး အရိပ်သာသာ မြင်ရပေမယ့် သူ့သမီးပုံရိပ်မှန်း မမယ်တင် …သည်။

''သမီး အမေတို့ဆီ ပြန်လာတာလား၊ လာလေ သမီး အမေ့နားကို …''

'' … ''

အရိပ်လိုလိုသဏ္ဌာန်က ခေါင်းယမ်းပြနေသည်ထင်ရသည်။

''သမီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



မမယ်တင် မျက်ရည်တွေ တွေတွေစီးကျကာ ရှေ့တိုးဖို့ ပြင်လို

ပေမဲ့ ခြေထောက်တွေကလှုပ်လို့မရ။

မြကြေးမုံသဏ္ဌာန်အရိပ်က ဒူးထောက်ထိုင်ချကာ မြေကြီးပေါ်

တုတ်ချောင်းဖြင့် ဆိတ်ဟုရေးပြသည်။

''ဟင် ဘာ ဘာလဲဟင်''

မမယ်တင်က နားမလည်၍ ထပ်မေးရာ အရိပ်သဏ္ဌာန်က ခြေ

လက်ဟန်ဖြင့် သုံးဆယ့်ခြောက်ကောင်ထိုးရန် ပြလို့နေသည်။

မမယ်တင် သဘောပေါက်သွားသည်။

ထို့ကြောင့် ခေါင်းကိုညိတ်လိုက်တော့ ထိုအရိပ်သဏ္ဌာန်က

အနောက်ဘက်သို့ပြေးထွက်သွားသည်။ မမယ်တင် မျက်ရည်တွေကျ

ငေးနေစဉ် –

''မယ်တင် ... ခြံဝမှာ ဘာရပ်လုပ်နေတာလဲ''

ကိုမင်းယာရောက်လာကာ မေးလိုက်တော့ ...

''ကိုမင်းယာ သမီးလေး လာသွားတယ်''

''ဟာ မင်းကတော့ ပေါက်ပေါက်ရှာရှာပြောတော့မယ်''

''တကယ်ပြောတာ ကျွန်မကိုတောင် သုံးဆယ့်ခြောက်ကေ

ပေါက်ဂဏန်းပေးသွားသေးတယ်၊ မနက်ဖြန်ထွက်မှာ ဆိတ်တဲ့''

''ဟာ မင်းကတော့ အိပ်မက်တွေမက်ပြီး ကယောင်ချောက်

ယျောက်ပြောနေတယ်၊ အခုတောင် မင်းယောင်ပြီးထသွားတာ ငါအသိမြ

ကိုမင်းယာက မယုံ။ မမယ်တင်လက်မောင်းကိုကိုင်ကာ အိမ်ပေ





လာသည်။

''ကျွန်မက ကျွန်မသမီးပြောတာကို အိမ်ပေါင်ထိုးမယ်''

''မင်း ဘယ်တုန်းက သုံးဆယ့်ခြောက်ကောင်ထီထိုးတာ ဝါသနာ

ဟိုလဲ''

''အခုပါသွားပြီ၊ ကျုပ်သမီးပြောတာကို ထိုးကိုထိုးရမယ်''

ပြော၍ အိပ်ချလိုက်တော့သည်။

နောက်တစ်ရက်ညနေ သုံးဆယ့်ခြောက်ကောင် ပေါက်ကောင်မှာ

တ်ဆိုင်စွာ ဆိတ်ဖြစ်နေသည်။

ထိုသို့ဖြင့် သမီးစိတ်ဖြင့် အရှုံးတစ်ပိုင်းဖြစ်နေသည့် မမယ်တင်ပေး

ပေါက်ကောင်မှာ မှန်နေသဖြင့် ရွာသားများလည်း သုံးဆယ့်ခြောက်ကောင်

ပ်တဲ့ ဦးချမ်းသာဆီမှ အလျော်ကို မြတ်မြတ်ကလေး ရနေလေတော့သည်။

ဿ◆ဿ



www.burmeseclassic.com

www.burmeseclassic.com

## သူကြီးအိမ်ရောက်ငတေ

ငတေက လက်ကိုနောက်ပစ်လျှက် ကိုယ်ကိုမတ်မတ်ရပ်ထားသည်
ရင်ကိုဖွင့်ထားသည်။ မျက်နှာကခပ်တည်တည်။ ငတေရှေ့ရှိစားပွဲတွင် သူကြီ
သည်။ သူကြီးတစ်ဖက်တစ်ချက်ရှိ ခုံတန်းလျားတွင် မောင်စိန်နှင့်သံချော
သူကြီးကတော်နှင့် ရွာလူကြီးနှစ်ယောက်။ ပြီးတော့ ရွာသားတချို့ ...

နှုတ်ခမ်းမွှေးကားကားနှင့် သူကြီးက သူ့ကိုမကျေမလည်အကြည့်တွေ
ကြည့်သည်။ မျက်နှာသုန်သုန်မှုန်မှုန်။

"မောင်စိန်နဲ့ သံချောင်းပြောတာတွေ အကုန်အမှန်ပဲလား"

"မဟုတ်ပါဘူး"

ငတေအသံတွေကပြတ်သားလှသည်။ ရဲရင့်လှသည်။ ထို့ကြေ
သူကြီးနားဝေတိမ်တောင်ဖြစ်သွားကာ မောင်စိန်ဘက်သို့ တစ်ချက်စော
ကြည့်ကာ မျက်နှာကိုရှေ့သို့ပြန်လှည့်သည်။





"ဘာမဟုတ်တာလဲ"

"သရဲနဲ့ကျူပ်စကားပြောတယ်ဆိုတာ"

"အရက်တိုက်တယ်ဆို"

"အများရှေ့မှာအဲဒီစကားသွားပြောရင် အရူးလို့ပဲပြောမှာပါ၊ သရဲ
ရက်သောက်တယ်ဆိုတာ ကျူပ်တစ်သက်တစ်ခါမှမကြားဖူးပါဘူး"

"ဒါဆို _ မင်း အဲဒီကိုဘာသွားလုပ်တာလဲ"

"တစ်ခါတလေကျူပ်ပျင်းရင် အဲဒီကိုအရက်သွားသောက်တတ်ပါ
ယ်"

"ဟော့ကောင် _ အရက်သောက်စရာရှားလို့လား"

"ကန်ဘောင်ပေါ်မှာ အရက်မသောက်ရဘူးလို့ မတားမြစ်ထားပါဘူး၊
သာမဖမ်းရတာပါ"

"ဟော့ကောင် မောင်စိန်"

"ခင်ဗျာ ... "

"မင်းပြောတော့ သရဲအရက်သောက်ဖို့အတွက် အရက်ထည့်တဲ့ခွက်
မြေကြီးကိုသွန်ချတယ်ဆို"

"ဟုတ်ပါတယ် သူကြီး"

"အကြီးဆုံး ငါးတစ်ကောင်ကို သရဲအတွက် ငတေက ပစ်ကျွေးတယ်
ကာရော"

"အမှန်ပါ သူကြီး"

"ဒါဆိုရင် မင်းတို့က ဘာလို့တွက်ပြေးလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“သရဲ ငါးစားမှာ မကြည့်ရဲလို့ပါ”

“ဟား ... ဟား ... ဟား”

ကျန်လူတွေ ဝိုင်းရယ်ကြသည်။ သူတို့ပုံစံတွေက ရယ်ချင်စရာ။

“ငတေ ... အဲဒါတွေကရော”

“သူတို့မျက်စိထဲ ထင်ယောင်ထင်မှားတွေမြင်နေတာ ဖြစ်ပါလိမ့်မယ် ...
ပြောသလိုတွေ မဟုတ်ပါဘူး။ ယုတ္တိလည်းမရှိပါဘူး”

ထိုစကားတစ်ခွန်းကြောင့် သူကြီးငိုင်သွားသည်။ အမှန်ဆိုလျှင် ဖမ်း...
သည့်ငါးများ သက်သေခံပစ္စည်းအဖြစ်ရှိဖို့လိုသည်။ ဒါမှအပြစ်ပေးရမည် ...
ခုတော့ မောင်စိန်နှင့်သံချောင်းစကားတွေက တောတစ်ခွန်း၊ တောင်တစ်ခွန်း ...
ဘာမျှရေရာရာမရှိ။ မည်သို့ဆုံးဖြတ်ရမှန်း သူကြီးအကြံအိုက်သွား၏။

“ငတေ ...”

“ခင်ဗျာ ...”

“ဒီနေ့ကစပြီး ငါ့အမိန့်မရမချင်း အဲဒီကန်ကိုသွားခွင့်မပြုဘူး။ နောက် ...
ထပ်ငါလူလွှတ်ပြီး စုံစမ်းနိုင်းမယ်၊ အဖြေတစ်ခုခုရမှ မင်းကိုသွားခွင့်ပြုမယ်”

ငတေစိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ သူအခွင့်အရေးတွေ ဆုံးရှုံး...

“ဟော့ကောင် ငတေ”

“ဗျာ”

“ဘာငိုင်နေတာလဲ”

“သူကြီးသဘောအတိုင်းပါပဲ”

“ဒီည မိုးသုန်နဲ့ ကျော်တင့်ကိုလွှတ်ရမယ်”





“သူတို့ကို အရက်ယူသွားနိုင်းဦးမှာလား သူကြီး”

ငတေ စိုးရိမ်တကြီးလှမ်းမေးသည်။ သူကြီးမျက်မှောင်ကျုံ့လျှက်–

“မင်းနဲ့ ဘာဆိုင်လဲ”

ငတေဘာဆက်ပြောရမှန်းမသိ။ ကိုယ့်စကားနှင့်ကိုယ် အကျပ်ရိုက် ...
...းသည်။

“ဥစ္စာစောင့်ကုန်းက အရက်ယူရင်မကြိုက်လို့”

“မင်းတောင် အဲဒီကဖြတ်ပြီး ယူယူသွားနေတဲ့ ဥစ္စာ”

ထိုစဉ် ... ရွာသားတစ်ယောက် ခပ်သွက်သွက်ဝင်လာ၏။

“ကိုမင်းယာတို့လင်မယားကတော့ တော်တော်အဆင်ပြေသွားပြီဗျို့၊
...ရွာလုံးပေါက်ကောင်တိုးတာ သူတို့ပဲ”

“ဘာကောင်လဲ”

“ဆိတ်”

“လောင်းကြေးကတော်တော်များတယ်၊ အိမ်ပေါင်ပြီးထိုးတာ”

“ဒါတော်ရုံသတ္တိမဟုတ်ဘူး”

“အိပ်မက်လို့ပြောတာပဲ၊ ဒီထက်တော့ ဘာမှပိုမပြောဘူး”

“ကုန်တာတွေများနေပြီ၊ ရပါစေကွာ”

ဦးမင်းယာဆိုသောကြောင့် ငတေပျော်သွားသည်။ ဟုတ်သည်။
...ည်းရစေချင်သည်။ သုံးဆယ့်ခြောက်ကောင်နှင့် မွဲနေကြသူတွေထဲမှာ သူတို့
...ဦးအပါအဝင်မို့လား။

“ဟော့ကောင် ငတေမင်းပြန်လို့ရပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူ သူကြီးအိမ်မှထွက်လာခဲ့သည်။ လောလောဆယ် အိမ်ကိုမပြန်ချ

သေး။ ဦးမင်းယာတို့အိမ်ဝင်ကာ အကျိုးအကြောင်းမေးချင်သေးသည်။ သူ

နှင့်အတူ ဝမ်းသာချင်သေးသည်။

ပြီးတော့ ...

နှစ်ယောက်သား တစ်ခွက်တစ်ဖလားမော့ချင်သေးသည်။

ﾍ♦ﾍ



## အိပ်မက်ပေါက်ကောင်

ကျောက်စက်ကန်တစ်ရွာလုံး အုန်းအုန်းကျွတ်ကျွတ်ဖြစ်နေသည်။

ဟူသည် လောဘနောက်သို့တစ်ရှိန်ထိုးလိုက်သူများမို့ ရလေရလေအိုတစ္ဆေဆို

ည်မှာ ယုံမှားသံသယဖြစ်စရာမလို။

ဆိတ်ထွက်ပြီးသောအပတ်မှစကာ နောက်ထပ် (၃)ပတ်တိတိ

စ်ရွာလုံးလိုလိုပေါက်ကြသည့်ဖြစ်ချင်း။

အကောင်များများထိုးစရာမလို။

တစ်ကောင်တည်းမှတစ်ကောင်တည်း။

ထိုတစ်ကောင်တည်းသော ပေါက်ကောင်ကိုပေးနေသူမှာ ဦးမင်းယာ။

ကြောင့်ဘယ်လိုပြောရသည်မပြော။ အိပ်မက်ဟူသောစကားတစ်ခွန်းနှင့်ပင်

ဂုံနှုတ်ပိတ်ထားသည်။

ဦးချမ်းသာလျော်လိုက်ရသည်မှာ သောက်သောက်လဲ။ အများနှင့်

ယောက်ဆိုတော့ ဆယ်သက်စား၍မကုန်နိုင်သော ပစ္စည်းသည်ပင် မတန်

သလျော့ကျသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါအိတ်အတွင်းသို့ ထည့်လိုက်ပြီးသည့်နောက်ပိုင်း မတို့မ
သောပေါက်ကောင်အား တန်ဆနဲ့သိနေသောရွာသူရွာသားတွေကို နားမလည်
အထူးသဖြင့် ဦးမင်းယာတို့လင်မယား။

"သူတို့ ဘာလို့ ဒီလောက်တောင်မှန်နေကြတာလဲ အဖေ"

သားကြီး ကျော်ဟိုးက ဦးချမ်းသာအားနားမလည်နိုင်သလိုမေးသည်
ဦးချမ်းသာ ဘာမျှမတုံ့ပြန်နိုင်။ ခုတလော ဦးချမ်းသာ နလုံးနေရာမှ စူး
စူးခနဲအောင့်နေသည်။ စိုးရိမ်သောကတွေကြောင့်လားမသိ။

"နောက်ထပ်နှစ်ပတ်လောက်သာဆို ကျွန်တော်တို့ ဒုက္ခရော
သွားနိုင်တယ်"

"ဒါဟာ ကံတရားပဲလေ"

"မဟုတ်ဘူး အဖေ၊ တစ်ခုခုတော့ တစ်ခုခုပဲ ... ကျွန်တော်
ဦးမင်းယာတို့လင်မယားကို ရှင်းထုတ်ပစ်ရမလား"

"ဒီလိုမလုပ်ရဘူး၊ ဒီလိုမလုပ်ရဘူး၊ ဒါဟာ အင်မတန်ကောက်ကျစ်
စိတ်ကူးပဲ၊ ကိုယ်ပြုခဲ့တဲ့အမှု တစ်နေ့ကိုယ်ပြန်ခံရလိမ့်မယ်၊ ဒီလိုအောက်တ
ကျတာတွေ မတွေးစမ်းပါနဲ့ လာမည့်အပတ်သာ သည်လိုဖြစ်နေရင် လုပ်နေ
အလုပ်ကိုရပ်လိုက်ရုံပဲ"

"ဒါတော့ မဖြစ်နိုင်ဘူး အဖေ၊ ခုဟာက မြိုးမြိုးမြက်မြက်လေးရ
အလုပ်"

"လောဘဆိုတာ တော်ရုံတန်ရုံပဲကောင်းပါတယ်ကွယ်၊ အ
ပြောတာ သဘောပေါက်စမ်းပါ"

သားကြီးက သိပ်ဘဝင်မကျသော်လည်း အသာငြိမ်နေလိုက်ရသည်
ခုတလော ဦးချမ်းသာ ထူးခြားတာတွေကြုံနေရသည်။ သူမွေး





ည့်ဒေါင်းကြီး မကြာခဏဆိုသလို လန့်လန့်ထပျံနေခြင်း၊ ကွက်လပ်တွင်ဖြူဖြူ
ဓိုသဏ္ဍာန်ကို မကြာခဏတွေ့ခြင်း။

"မြကြေးမုံ မကျွတ်မလွတ်သေးတာလား"

တလောက ဘုန်းကြီးများပင့်ကာ မြကြေးမုံအတွက်ရည်စူးလျှက်
ကောင်းမှုကုသိုလ်လုပ်သေးသည်။ လှူသိရှင်ကြားမဟုတ်။ တိုးတိုးကျိတ်ကျိတ်။
တစေ ထူးတော့မထူးခြား။ ထိုအရိပ်သဏ္ဍာန်ကိုမြင်နေရဆဲပင်။

ဤသို့ဖြင့် နောက်တစ်ပတ်သို့ရောက်လာပြန်ချေပြီ။ ခုနောက်ပိုင်း
ကတ္တီပါအိတ်အတွင်းသို့ ရုပ်တုလေးကိုထည့်တိုင်း တစ်ယောက်ယောက်က
ျောင်းမြောင်းကြည့်နေသည်ဟု ခံစားရသည်။ စိတ်ထဲတွင် မလုံမလဲ။
ဝန်းကျင်ပတ်လည်သို့ စူးစမ်းကြည့်သော်လည်း မည်သူမျှမရှိ။

ထိုနေ့ သူအိတ်အတွင်းသို့ကြက်ရုပ်လေးထည့်လိုက်သည်။ ဖြစ်သမျှ
ကြောင်းအကောင့်းချည်းသာဖြစ်စေတော့ဟူသည့်ဆုံးဖြတ်ချက်ဖြင့် —
လှူတာဝဟူသည် ဖန်တီးယူ၍ရပါသလား။

အကြောင်းတရားများ မတိုက်ဆိုင်လာသည့်တစ်နေ့ သုံးဆယ့်ခြောက်
ာင်ကိုရပ်နားလိုက်ရုံသာရှိနေတော့သည်။

ﾍﾍ ♦ ﾍﾍ



www.burmeseclassic.com

www.burmeseclassic.com

## တစ်ခါတုန်းက ဇာတ်လမ်းတစ်ပုဒ်

ဇော်ဦး သူကိုယ်သူလိပ်ပြာမလုံဖြစ်ရသည်။ သူ့တွင်အပြစ်ရှိနေသ[illegible] ဟု၍လည်းခံစားရ၏။ တကယ်စင်စစ် ဘယ်သူမှမသိဘူးထင်နေသော်လ[illegible] ကိုယ့်ကိုယ်ကိုယ်တော့သိနေသည်လေ။

မြကြေးမုံ ...

တစ်ချိန်က သူချစ်သူဖြစ်ခဲ့ဖူးသော ကောင်မလေး။ မြကြေ[illegible] ရုပ်ရည်လေးက လှသည်။

ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်သည်။ ရွာထဲ[illegible] ကာလသားတွေကြားမှာ ရေပန်းစားလှ၏။

အများအပြောများကြောင့် စိတ်ဝင်စားလာသည်။

သို့သော် အခွင့်အရေးကမသာခဲ့။

မှတ်မှတ်ရရ သူတို့ရွာနှင့် (၁၀) မိုင်ခန့်ဝေးသော ကျောက်သေ[illegible] ဘုရားသို့ ဆွမ်းတော်ကြီးကပ်ရန် အစီအစဉ်နှင့် ဘဘုန်းကြီးက ကာလ[illegible]





[illegible]လသမီးတွေချည်းဆင့်ခေါ်လိုက်သည်။

ကျောက်သေတ္တာဘုရားမှာ နတ်ပန်းတောင်တွင်တည်ရှိပြီး ပင်လယ် [illegible]မြင့်မှ ပေပေါင်း (၃၀၀၀) ကျော်မြင့်သောတောင်ထွတ်တွင် တည်ရှိတာသူသိ [illegible]ည်။

ခရီးသွားသည့်အခါတိုင်း မြင်ဖူးနေသည်။ ကျောက်တောင် ကမ်းပါးယံ [illegible]၏ အငူတောင်ထွတ်တောင်စွယ် တစ်ခု၏အပေါ်တွင် သေတ္တာပုံစံ [illegible]ကျောက်တုံးကြီးတစ်တုံးသည် ထူးဆန်းစွာတည်ရှိလျက် ထိုအပေါ်တွင် စေတီ [illegible]ည်ထားခြင်း ဖြစ်သည်။

"ဘုန်းဘုန်း အဲဒီဘုရားရာဇဝင်အကြောင်းပြောပြပါလား"

ကောင်မလေး (၆) ယောက်အနက် မြကြေးမုံလေးမှာ ထက်ထက် [illegible]မြက်ရှိသည်ဟု သူထင်လိုက်၏။

"တို့ရွာက နှစ်စဉ်ဆွမ်းကပ်နေကျပဲ၊ မင်းတို့မိဘတွေက မပြောဘူး [illegible]"

"သူတို့အလုပ်နဲ့သူတောင် မအားရတဲ့ကြားထဲ ပြောဖို့ဝေးသေး"

ဇော်ဦးနှင့်မြကြေးမုံတို့ မျက်လုံးချင်းဆုံမိကြသည်။ မြကြေးမုံ ရင်ခုန် [illegible]ပုံပေါ်သည်။ သူ့သော် ဣန္ဒြေတော့ပျက်လှသည်မဟုတ်။

"အဲဒီကျောက်သေတ္တာကြီး ဘယ်ခေတ်၊ ဘယ်ကာလကရှိခဲ့မှန်းတော့ [illegible]ဘူးကွဲ့၊ ဒါပေမဲ့ တစ်ချိန်က ရှင်ဘုရင်တွေသုံးစွဲခဲ့တဲ့ လက်ဝတ်လက်စား၊ [illegible]မြောက်တန်ဆာငါးပါးနဲ့ ရွှေကိုးတင်း၊ ငွေကိုးတင်း၊ ပယင်း၊ ဒုတ္တာနဲ့ [illegible]ဘာနာကိုးတင်းဆီ ရှိကြတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အဖိုးတန်ပစ္စည်းတွေက နည်းပါဘူးနော်"

ဆွေရည်က တအံ့တသြဝင်ပြောတော့ ဖော်ဦးက နောက်ချင်သွ

ပြီး ...

"ဘာလဲဆွေမျိုးတွေကို ဝေပေးချင်လို့လား"

"နင်နော် မဟုတ်တာတွေမပြောနဲ့ ဒါဘုရားပစ္စည်းတွေ စိတ်နဲ့တော

မပြစ်မှားဘူး နားလည်လား"

ဘဘုန်းကြီးက ဆက်လက်မိန့်သည်။

"နားထောင်ဦး၊ အဲဒီ ခေတ်အခါတုန်းက ရှင်ပြုပွဲတွေ၊ ဘာသာ

တွေမှာ အဲဒီလက်ဝတ်လက်စားတွေကို သုံးစွဲချင်ရင် သက်ဆိုင်ရာနတ်

ကန်တော့ပွဲပေး ပူဇော်ပသပြီး ခဏငှားယူလို့ရတယ်တဲ့"

"သြော်"

"အရင်တုန်းကလူတွေဟာ ရိုးသားကြတယ်၊ သစ္စာရှိတယ်၊ ဒီ

ခဏငှားဝတ်ပြီးရင် ပြန်ထည့်ထားလိုက်ကြတာပဲ၊ ဒါဟာ တော်တော်ချစ်

ကောင်းတဲ့ ဓလေ့တစ်ခုပါ၊ အဲ ... နှစ်တွေကြာလာတော့ ခြေမငြိမ်လက်

သူတွေပေါ်လာတယ်၊ ငှားရမ်းသုံးစွဲသူတချို့ဟာ ရတနာတွေကနေ ကျော

တစ်လုံးစ၊ နှစ်လုံးစဖြုတ်ယူလာကြတယ်၊ စည်းကမ်းပျက်တာတွေများလာ

နောက်ပိုင်းမှာ အဲဒီသေတ္တာကြီးကိုလုံးလုံးလုပ်လို့မရကြတော့တာပဲ"

ထိုနေ့က သူတို့ဘုန်းကြီးကျောင်း ဝေယျာဝစ္စလုပ်ပေးကြသ

မြကြေးမုံက ဘုရားပန်းအိုးများကိုဆေးကာ ပန်းကပ်ရသလို ဖော်ဦးက

ပေးရ၏။ သူတို့ အတန်ငယ်စကားပြောဖြစ်ကာ ရင်းနှီးသွားကြ၏။ အတွေ့အ





သေးသော မြကြေးမုံအတွက်တော့ ဖော်ဦး၏စကားတွေက ရင်ခုန်ဖွယ်ရာ

လိုက်မောဖွယ်ရာအတိ။

ကျောက်သေတ္တာဘုရားသို့သွားသောနေ့တွင်မူ သူတို့ရင်းနှီးမှုက

ခဲ့၏။ ရွာမှလှည်း (၇) စီးဖြင့်နတ်ပန်းတောသို့သွားကြသည်။ နတ်ပန်း

မှာ သစ်ရိုပ်ဝါးရိပ်တို့ဖြင့် အေးချမ်းမှုကိုအပြည့်အဝပေးစွမ်းပါသည်။ အထူး

ထုံးမှာ သရဖီပန်းတို့ အများဆုံးရှင်သန်ပေါက်ရောက်နေပြီး အပွင့်တို့မှာလည်း

ကြိုင်လှ၏။

ဆွမ်းတော်ကပ်ကြပြီးနောက် ကာလသား၊ ကာလသမီးတို့ တောထဲ

ာ ပန်းကောက်ကြသည်။ ခြေသွက်လက်သွက်ရှိသော ဖော်ဦးက မြကြေးမုံ

မေတ္တာစကားပြောခဲ့သည်၊ သူမ ချက်ချင်း အဖြေမပေးခဲ့။ စောင့်ပါဦးဟုသာ

တုန်ပန်းတုန်ပြောခဲ့သည်။

သိပ်မကြာ။ တစ်လလောက်တွင် မြကြေးမုံ အဖြေပြန်ပေးခဲ့သည်။

မ်းကျင်မသိပါစေနဲ့ဟု သူမ ကတိတောင်းသည်။ အခါအားလျော်စွာ

်အနောက်ဘက်ကောက်ရိုးပုံနံဘေးတွင် သန်းခေါင်ကျော်ကျော်လောက်၌

တွေ့ဖြစ်ကြသည်။

ဖော်ဦး၏ အပြုံစုံ၊ အယုအယများက သူမအတွက်စွဲလမ်းစရာပင်။

ည်းစိမ်ဆယ်သက် တကယ်မမက်ပါဟု ဆိုလောက်အောင် ခံစားမှုတွေက

ကာဆင့်ကာပိုခဲ့သည်။

သည်အကြောင်းကို ဖော်ဦးမိဘများသိသွားသည့်အခါ ပြင်းပြင်းထန်

ကန့်ကွက်တော့၏။

"ဘယ်လိုမှမဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သော အကြောင်းအရင်းများက ရှိနေသေး၏။ ဖော်ဦးအမေ
ဦးချမ်းသာ၏ အငယ်ဆုံးသမီး။ ဆွေဂုဏ်မျိုးဂုဏ်ဆိုသော မာန်တွေကရှိ
သည်။ ချမ်းသာမှုအဆင့်အတန်းက မြင့်နေသည်။ မြကြေးမုံတို့ အခြေအနေ
ယှဉ်လျှင် မိုးနှင့်မြေကြီးပမာ။

"ငါတို့က ရွာမှာ နာမည်တစ်လုံးနဲ့နေတာ ... နောက် ...
ဒီကောင်မလေးနဲ့အဆက်အသွယ်ဖြတ်"

ဖော်ဦးက အင်းမလုပ်၊ အဲမလုပ်။ မစမ်းသပ်ဖူးသောအရာကို စမ်းသ
ကြည့်ရုံကလွဲလျှင် သူ့ရင်ထဲ နှစ်နှစ်ကာကာ ဘာမှမရှိ။ ခုတော့ သူ့အတွက်
ရှိးသွားပေပြီ။ မြကြေးမုံကို မတွေ့ရလျှင်လည်း ဘာမှမဖြစ်တော့။ ထို့ကြော
အဆက်အသွယ်ဖြတ်လိုက်သည်။

သည်အဖြစ်ကြောင့် ...

ထိထိနိုက်နိုက်ကြေကွဲလိုက်ရသူက မြကြေးမုံ ...

မိန်းကလေးမို့ မျှော်ရုံကလွဲလျှင် ဘာမှမတတ်နိုင်။ အချစ်ကြီးချစ်ခဲ့
သောကြောင့် ဖော်ဦးအပေါ်ခွင့်လွှတ်နေမိသည်သာ။ မိဘများ၏ဩဇာအောက်
အာဏာအောက်မှ ရုန်းမထွက်နိုင်လို့သာ ခုလိုဝေးကြရပြီဟု နာလည်ထား
မမုန်းနိုင်ခဲ့။

သူမ၏ ခံစားချက်များကို စာဖြင့်ရေး၍ သုံးကြိမ်ခန့်ရေးပို့ခဲ့ဖူးသည်
ဖော်ဦးဆီရောက်သည်။ ထူးခြားမှုတော့ဖြစ်မလာ။ သူမမှာ ဖော်ဦးပေးခဲ့ဖူးသော
သရဖီပန်းခြောက်လေးများကိုသာ တိတ်တိတ်လေးနိုးနမ်းလျက် ရင်ကွဲခဲ့
သည်။

ထို့နောက် ...

သူမရောဂါရလာခဲ့၏။ တစ်စတစ်စပိန်ချုံးလာသည်။ အရင်ရုပ်တစ်ဝ







မှမရှိတော့။ သည်တော့မှ ဖော်ဦးအပေါ်မျှော်လင့်မှုများကို အလိုလိုရုပ်သိမ်း
က်တော့၏။

စွဲလမ်းစိတ်ကတော့ပျောက်မသွား။

မြကြေးမုံ ကွယ်လွန်သွားကြောင်းသိရသည့်အခါ ဖော်ဦးစိတ်ထဲတွင်
ကောင်း။

ပတ်သက်ခဲ့ဖူးသော မိန်းကလေးတစ်ယောက်၏ ဈာပနာကိုပင်
လိုက်မပို့နိုင်ခဲ့။

လူမသိနိုင်သော မြကြေးမုံ၏ အချစ်ဇာတ်လမ်းလေး။

"သူ သေချိန်ထိ ငါ့ကို သတိရနေသေးလား"

"သူ ငါ့ကိုလာခြောက်ဦးမှာလား"

"မကျွတ်မလွတ်တဲ့ နာနာဘာဝဖြစ်နေမလား"

ထိုစကားလုံးတွေက သူ့ရင်ထဲတွင်တန်းစီလာသော မေးခွန်းများသာ
ဖြစ်၏။

သို့သော် သူ့ကိုအရိပ်အယောင်ပင်မပြ။ အိပ်မက်ပင်မပေး။ အဘိုး
ဖြစ်သူ၏ နတ်ကွန်းရှေ့တွင် ဝိညာဉ်သဏ္ဌာန်ဖြူဖြူအရိပ်တစ်ခု မကြာခဏ
သာတတ်သည်ဟု သတင်းတွေထွက်လာသည်။

တစ်ပြိုင်နက်ဆိုသလို တစ်ရွာလုံးလိုလိုပေါက်ကောင်တွေ တိုးနေကြ
သည်။ မြကြေးမုံ အိပ်မက်ပေးလေသလား။ အသေအချာတော့ သူမသိ။ သူ
ပီသည်က အဘိုးလောင်းကြေးတွေ သောက်သောက်လဲလျော်နေရသည့်
ဖြစ်။

ခုတလော အဘိုးကျန်းမာရေးသိပ်မကောင်း။ ရုတ်တရက် မူးခနဲ၊
က်ခနဲဖြစ်သွားတတ်သည်။ ထို့ကြောင့် သူစိုးရိမ်သည်။ မနက်ဖြန်ဆို သုံးအေ့



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကောင်ဖွင့်မည့်ရက်။ ယခင်အပတ်များလို အုတ်အော်သောင်း...
လော့်ရလျှင် ထိုလုပ်ငန်းကိုရပ်နားတော့မည်ဟု အဘိုးကသန္နိဋ္ဌာန်ချထားပြီးသ...
ဘာတွေဘယ်လိုဖြစ်လာဦးမည် သူ မတွေးတတ်။ ဖြစ်ပေါ်လာသည့်ကံကြ...
ကိုသာ စောင့်ရုံရှိတော့သည်လေ။



## အကုသိုလ်ကံ

ကောင်းကင်တွင် လကသာနေသည်။ သို့သော် မိုးကောင်းကင်အနှံ့ ...ချက်နေသော တိမ်စိုင်တိမ်လိပ်ညိုညိုညစ်ညစ်တွေက တချို့ချို့ လကို ...ဖွယ်သွားသောကြောင့် အမှောင်ထုက တစ်ချက်တစ်လှည့် ဖြစ်ပေါ်လာသည်။

ဦးချမ်းသာ၏ စံတော်အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်လို့နေ၏။ ...ယ်ပိုင်းများတွင် အစေအပါးများ၊ အလုပ်သမားများနှင့် မြေပြုပြင်သူတို့ ...ကြောင့် အများအားဖြင့် လှုပ်လှုပ်ရှားရှားရှိနေတတ်သော်လည်း ယခုလိုညပိုင်း ...တော့ အထီးကျန်ဆန်လွန်းလှသည်။ သူ့မိန်းမ မကျင်မြမှာ ဖာသိဖာ ...တတ်သူ။ စကားအပြောအဆို အလွန်နည်းပြီး လောင်းကစားအလုပ်ကို ...လုံးနှစ်ခြိုက်သဘောတွေ့သူမဟုတ်။ ဦးချမ်းသာနှင့် ဆန့်ကျင်ဘက်။

ဘုရားတရားကြည်ညိုသူ၊ ဘာသာရေးကိုင်းရှိုင်းသူ၊ စိတ်နှလုံးနူးနယ် ...။ သုံးဆယ့်ခြောက်ကောင်ဖွင့်သောနေ့ဆိုလျှင် အမြဲတမ်း ဘုရားကျောင်း ...များသို့သွားကာ ဥပုသ်သီလယူတတ်သူ။ ရွာသူရွာသားတွေ ပေါက် ...ကောင်မပေါ်လို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်မှာ မမြင်ချင်သူ။ ယခုက



www.burmeseclassic.com

www.burmeseclassic.com



ထိုအလုပ်ကို ဆက်မလုပ်ရန် တားခဲ့ဖူးသော်လည်း ဦးချမ်းသာကိုယ်တိုင်ရော သားတွေကပါ စိတ်ထက်သန်နေသည်မို့ မအောင်မြင်ခဲ့။

"ရှင် ဆေးသောက်ပြီးပြီလား"

နောက်ဘက်ဆီမှဝင်လာသော မိန်းမကို သူလှည့်မကြည့်။ ကုလားထိုင်တွင်ထိုင်လျက် ပြတင်းပေါက်မှတစ်ဆင့် အဝေးဆီသို့ ငေးမြေငေးနေ၏။

"အင်း"

သူ တိုတိုတုတ်တုတ်ဖြေလိုက်သည်။ သွေးတိုးက ရှိနေသည်မို့ ဆေးတော့မှန်မှန်သောက်နေရသည်။ သွေးတက်မည့်အစားအစာတွေလည်း မစားမိအောင်ရှောင်နေရသည်။

အသက်ကငယ်တော့တာမှမဟုတ်တာ။

"ရှင် ခုနောက်ပိုင်း စိတ်ညစ်စရာတွေချည်းပဲ ကြုံနေရတယ်မို့လား"

ဦးချမ်းသာ နှုတ်ဆိတ်နေလိုက်သည်။ သူ့ရင်ထဲ ဘာတွေရှိတယ်ဆိုတာ မိန်းမက သိပြီးသားပဲလေ။ ဘာပြောစရာလိုသေးလဲ။

"ရှင် ရပ်တန်းကရပ်ဖို့ အချိန်တန်ပြီ"

"ခင်ဗျား ကိုယ့်အခန်းကိုယ်ပြန်ပြီးအိပ်ပါတော့"

"ရှင် ဒီလိုပြောမယ်ထင်သားပဲ"

"ခင်ဗျားအလုပ် ခင်ဗျားဆက်လုပ်ပါ၊ ကျုပ်ဘာဆက်လုပ်ရမယ်ဆိုတာ ကျုပ်သိပါတယ်"

ဒေါ်ကျင်မြကြ သက်ပြင်းကိုအသာချသည်။ ခုတိုင် တရားမရှိသေးပါလားဆိုသည့်သဘော။

သည်အချိန်ထိ ... သေဖို့ ဘာမှမပြင်ဆင်ရသေးပါလားဟူသည့် အဓိပ္ပာယ်။





"ရှင့်ကိုပြောရဦးမှာ အခုတလော ပေါက်ကောင်တွေ ဆက်တိုက်တိုး နေတာ ကိုမင်းယာတို့လင်မယားကြောင့်ပဲ၊ သူတို့သမီး မြကြေးမုံက သူဆေးကု မယ့်ပိုက်ဆံကို သူ့အဖေက ထိုးလိုက်လို့ သေရတာလေ ...

မကျွတ်မလွတ်ဖြစ်ပြီး ..."

"တော် ... ဆက်မပြောနဲ့ ... သူ့အဖေက သူ့လောဘနဲ့သူထိုးတာ ကျုပ်ကထိုးခိုင်းတာမဟုတ်ဘူး"

"အင်းလေ ... အစွဲအလမ်းနဲ့သေတယ်ဆိုတော့"

ထို့နောက် နှစ်ယောက်စလုံး နှုတ်ဆိတ်သွားကြသည်။ ထို့နောက် ဒေါ်ကျင်မြ ဘာမှဆက်မပြောတော့ဘဲ အခန်းအတွင်းမှထွက်မည်အပြု။

"ခြော် မေ့နေလို့ပြောရဦးမယ်"

ဦးချမ်းသာက ဘာလဲဆိုသည့်အကြည့်ဖြင့် လှည့်ကြည့်သည်။

"ကျွန်မ ဆရာတော်ဘုရားနဲ့အတူ အထက်မြန်မာပြည်ဘုရားဖူးလိုက် သွားမလို့၊ ဘယ်လောက်ကြာမယ်မသိဘူး"

"ဒါ မင်းလုပ်နေကျအလုပ်ပဲ၊ ကန့်ကွက်စရာမရှိပါဘူး"

သူမထွက်သွားလေသည်။ ယင်းနောက် သူ ပြတင်းပေါက်ဆီပြန်လှည့်ကာ တိမ်ဖုံးတော့မည့်လမင်းဆီသို့ အကြည့်ရောက်၏။ လူ့ဘဝဆိုသည်မှာလည်း ထိုလရောင်ကဲ့သို့ပင် သာသည့်အခါသာနိုင်မှာဖြစ်သော်လည်း ကံကြမ္မာအရိုင်းအစိုင်းများကြောင့် ညိုညစ်ညစ်တိမ်ညိုတိမ်မည်းတွေ ဖုံးသည့်အခါလည်း ဖုံးသွားပေလိမ့်မည်။

အကောင်းနှင့်အဆိုးက အမြဲဒွန်တွဲနေကျ။

"ဖျပ်ဖျပ် ဖျပ်ဖျပ် ဖျပ်ဖျပ်"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



သူမွေးထားသော ဒေါင်းကြီး အလန့်တကြားဖြစ်စွာ အိပ်တန်းမှ မြေကြီးပေါ်သို့ ကျလာသည်။

"ဟင် ဒီကောင်ကြီး ဘာလန့်တာလဲ"

ခြံစောင့် မောင်ရွှေ ပြေးလာတာတွေ့သည်။

"ဘာဖြစ်တာလဲဟေ့"

အပေါ်ထပ်ပြတင်းမှ အောက်သို့ လှမ်းမေးလိုက်၏။

"တစ်ခုခုကိုမြင်ပြီး လန့်ခုန်ချတာပါဆရာကြီး"

"ဘာရှိလို့လဲ"

"ကျွန်တော် ရှာကြည့်ပါဦးမယ်"

ထို့နောက် မောင်ရွှေရှာသည်။ ပြီးတော့ အောက်မှလှမ်းအော်ပြော သည်။

"ဘာမှမရှိဘူးဆရာကြီး"

"အေးအေး ဒါဆိုလည်း ဒေါင်းကို အိပ်တန်းပြန်ပို့လိုက်"

"ဟုတ်ကဲ့ဆရာကြီး"

ပြောသောပြောလိုက်ရသော်လည်း သူ့စိတ်ထဲ တစ်မျိုးဖြစ်နေသည်။ ဘယ်လိုတစ်မျိုးမှန်းလည်းမသိ။ တစ်စုံတရာက သူ့ကိုတစ်ခုခုပြောချင်နေသလို လို၊ တွေ့ချင်နေသလိုလို။

သူ ကုလားထိုင်ပေါ်မှ အလိုလိုမတ်တတ်ရပ်မိလျက်သား ဖြစ်သွား၏။ သူ ခြေလှမ်းတွေက ရွေ့လျားလျက် အပေါ်ထပ်မှလှေကားကြီးအတိုင်း ဆင်းလာသည်။

တစ်ဦးဦးက သူ့ကိုဖိတ်ခေါ်နေသလိုမျိုး။

အောက်ထပ်ရှိ တံခါးမကြီးဆီရောက်တော့ တံခါးကိုဖွင့်ကာ ဒေါင်းကြီး





တားရာ အိပ်တန်းဆီသို့ လျှောက်လာခဲ့သည်။ ကညင်ပင် ခြေရင်းတွင် ဖြစ်သည်။ ဒေါင်းကြီးက အရင်လိုပင် တန်းပေါ်၌ ဝပ်လို့နေသည်။

သူ ခြံအတွင်းသို့လှည့်ပတ်ကြည့်သည်။ ဘာမျှမတွေ့။ ဘာမျှမရှိ။ အတန်ကြာစောင့်ကြည့်သေးသည်။ ဘာမျှထူးခြားမှုမရှိလာပါ။ ထို့ကြောင့် အိမ်ထဲ ပြန်ဝင်ရန် စိတ်ကူးလိုက်သည်။

အပေါက်ဝဆီရောက်မှ နတ်ကွန်းဘက်သို့ သွားချင်စိတ်တွေပေါ်လာ ပြန်သည်။ ညဉ့်က အတော်နက်နေပြီဖြစ်သော်လည်း စိတ်အတွင်းမှ ဆန္ဒတွေက သူ့ကို အလွန်ပင်စေ့ဆော်နေပြီမို့ ခြေဦးကိုပြန်လှည့်လိုက်သည်။

နေရာတချို့တွင် ဆီမီးဝါးတိုင်များထွန်းညှိထားသောကြောင့် မှောင်နှင့် မဲမဲ ပိန်းပိန်းမျိုးတော့မဟုတ်။ ဦးချမ်းသာ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ သည်။

နတ်ကွန်းရှေ့သို့ရောက်တော့ ဆီမီးရောင်မြိုင်မြိုင်တွင် ရွှေရောင် တောက်ပနေသည်။ သုံးဆယ့်ခြောက်ကောင်ရုပ်ကို အထင်းသား တွေ့ရသည်။

"အရှင်နတ်မင်း ကျွန်ုပ်ကို ဆင်းရဲမွဲတေသွားအောင်လုပ်တော့မှာ လား"

စိတ်ထဲတွင် ထိုစကားလုံးကို တဖွဖွရွတ်နေမိသည်။

မှန်သည်။

သည်အတိုင်းသာဆိုလျှင် သူ့တွင်ရှိသမျှ စည်းစိမ်အားလုံးတက်တက် ပြောင်ရုံသာရှိမည်။ လောဘဇောပိုကဲသော သားသမီးတွေကြောင့် တောင်းစားရုံ သာ ကျန်တော့မည်။ သူ့သားသမီးတွေအတွက် မြေးတွေအတွက် လိုလျှံလျှံ ချန်ထားခဲ့ချင်ပါသေးသည်။

ထိုစဉ် လေပြင်းတစ်ချက် တိုးဝင်တိုက်လာသည်။ စိတ်ထဲ အေးခနဲ စိမ့်ခနဲ ဖြစ်သွားကာ ခေါင်းများမှုးဝေလာကာ ဒူးကခွေကျလို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလည်း တဖြည်းဖြည်းလေးလံလာပြီး ဆင်းလို့လာကာ လဲကျသွားတော့သည်။

"ဟင်"

ဘေးဘက်လို့ လှည့်ပတ်ကြည့်လိုက်တော့ လေအဝှေ့တွင် ဝတ်ရုံတို့ တဖွားဖွားလွင့်၍ မတ်တတ်ရပ်နေသည့် ကောင်မလေးတစ်ယောက်။

ထို့ကြောင့် ...

ဘေးဘီသို့လှည့်ပတ်ကြည့်ရာ ...

"ဟင်"

လေအဝှေ့တွင် ဝတ်ရုံတို့ တဖွားဖွားလွင့်၍ မတ်တတ်ရပ်ကာ ခေါင်းငုံ့ထားသည့် ကောင်မလေးတစ်ယောက်။

ဘယ်သူဘယ်ဝါမှန်းတော့ အတတ်မသိ။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာရပ်နေသည်။

"မင်း မင်း ဘယ်သူလဲ၊ မြ မြ မြကြေးမုံလား"

ဦးချမ်းသာ အသံတွေတုန်နေသည်။ ထိုးထားသောလက်ညှိုးက တုန်တုန်ရီရီ။ အသံတွေက ထစ်ထစ်ငေါ့ငေါ့။

သူမက ခေါင်းလည်းမော့မလာသလို တုံ့ပြန်မှုတစ်စုံတရာလည်း မပြုပါ။ တိတ်ဆိတ်စွာပင် ဆက်လက်ရပ်မြဲရပ်နေ၏။

"မေး မေး မေးနေတယ်လေကွာ"

အမြင်မှားများသလားဟု မျက်လုံးကို ပွတ်သပ်ကြည့်သည်။ အရာရာ ပြောင်းမသွား။

"ပြောလေ ပြောစမ်းပါ၊ မင်း ငါ့ကို တစ်ခုခုတော့ ပြောဖို့လိုအပ်လာပြီ"



သို့တိုင် ဘာမျှထူးခြားမှုမရှိခဲ့။

သို့သော် ...

"ဟင်"

ကွက်လပ်ထဲသို့ တိရစ္ဆာန်တွေ တစ်ကောင်ပြီးတစ်ကောင် ဝင်လာခဲ့သည်။ သူဖွင့်ခဲ့သည့် ပေါက်ကောင် တိရစ္ဆာန်တွေချည်း။ သူတို့က ကောင်မလေး အနားတိုးကပ်လာကြကာ ဝိုင်း၍ ကိုက်ဖဲ့စားသောက်ကြလေသည်။ တချို့က လက်တွေ၊ တချို့ကခြေတွေ၊ တချို့က ဦးခေါင်း။ တချို့က ဝမ်းဗိုက်။

"ဘုရား ဘုရား ဘုရား"

ဦးချမ်းသာ မျက်လုံးပြူး မျက်ဆန်ပြူးလျှက် ငေးကြောင်ကြည့်နေမိသည်။ တော်တော်ရက်စက်လွန်းသည့်မြင်ကွင်း။ ထိတ်လန့်ဖွယ်ရာ မြင်ကွင်း၊ ယတိစရာမြင်ကွင်း။

မြန်ချက်ကတော့ ကမ်းကုန်သည်။ ခဏအတွင်းမှာပင် သွေးနှင့်အရိုးသည်သာ ကျန်တော့၏။ အသားနှင့်ကလီစာတွေကို အကုန်စားပစ်သည်။

ထို့နောက် ...

ထို့နောက် ...

ထိုအကောင်တွေက သူ့ဘက်သို့ မျက်နှာမူလိုက်ကြသည်။

"အား"

သူအသံကုန်ဟစ်ကာအော်၍ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ သူ့ကို ငြိမ်စွာကြည့်နေတဲ့ သူ့မိသားစု ...

"ငါ ဘယ်ရောက်နေတာလဲ၊ ဟို ဟိုအကောင်တွေလာနေပြီ"

"ရှင်သတိထားပါ၊ ရှင်နတ်ရုပ်တုရှေ့မှာ လဲနေလို့ ရှင့်မြေးက အိမ်ထဲ ပွေ့ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ ... ဒါဆို"

သူတွေ့ခဲ့တာတွေ တကယ်မဟုတ်ခဲ့။ အိပ်မက် ဒါမှမဟုတ် စိတ်အရှဲ

အလယ်။ တော်ပါသေးရဲ့ဟုတွေးကာ သက်ပြင်းကိုချလိုက်မိတော့သည်။



## နောက်ဆုံးပေးသည့်အိပ်မက်

သည့်တစ်ကြိမ် မြကြေးမုံရောက်လာခြင်းက ယခင်လိုအဝတ်အစားမျိုး နှင့်မဟုတ်။ အပေါ်နှင့်အောက် အဖြူရောင်ကဲသော ဝတ်စုံ။ ခေါင်းတွင် သရဖီပန်း တွေကိုဝေနေအောင်ပန်ထားသည်။ ပါးကွက်လေးနှစ်ဖက်က အထင်းသား။ ယခင်ကျန်းမာစဉ်ကအတိုင်း။ ချစ်စဖွယ်လေးပင်။

"သမီးလေး"

အမေက တိုးဖွဖွလေးခေါ်လိုက်သည်။

"အမေ အဆင်ပြေတယ်မဟုတ်လား"

"မပြေဘဲနေပါ့မလားကွယ် သမီးကျေးဇူးတွေလေ"

သူမ သက်ပြင်းလေးကို အသာချကာ တွေးတွေးဆဆလေးပြောသည်။

"တကယ်တော့ အမေရယ် လောင်းကစားမှန်သမျှ ဘယ်ဟာမှ ကောင်းပါဘူး။ တစ်ယောက်ကနိုင်ရင် တစ်ယောက်ကရှုံးမှာတော့ အသေအချာ ပဲ နိုင်လို့ပြုံး၊ ငိုရင် ရှုံးရင်တော့မဲ့ကြရမှာပါ။ သမာအာဇီဝအလုပ်မဟုတ်သလို နှံအားထုတ်ပြီး ရိုးသားမှုနဲ့ရတဲ့ငွေကြေးလည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ လူတစ်ယောက်ရဲ့အကျင့်ကို ဖျက်ပြားစေသလို ဒုစရိုက်တွေ
လည်းဖြစ်စေပါတယ်''

''ဟုတ်ပါတယ် _ သမီးလေးပြောတာမှန်ပါတယ်''

''သည်တစ်ကြိမ်ဟာ အမေတို့ကိုနောက်ဆုံးပေးတဲ့ အိပ်မက်ပဲဖြစ်မယ်
မကြာခင်မှာ သမီးနဲ့ဦးလေးတို့ကို တစ်ယောက်လာခေါ်လိမ့်မယ်''

''ဦးလေးတို့ ဆိုတာ''

''ရွာအရှေ့ပိုင်းက အရက်အလွန်အကျွံသောက်ပြီး သေသွားတဲ့ ဦးလေ
ကြီးလေ၊ ခု _ ဘေးမဲ့ရေကန်ကြီးက ညောင်ပင်မှာနေတယ်''

''ဪ ... ဪ ... သိပြီ ... သိပြီ''

''အမေ့ကို တစ်ခုတောင်းဆိုပါရစေ''

''ပြောသမီး _ ဘာလဲ''

''အမေ့မှာ ရှိတဲ့ငွေနဲ့ ရွာဦးကျောင်းမှာ ဆွမ်းစားဆောင် ဆောက်လှူ
ပြီး ရေစက်ချအမျှဝေပေးပါ၊ ဒါမှ သမီးတို့ ကျွတ်နိုင်လိမ့်မယ်''

''အို လှူရမှာပေါ့ သမီးရယ် ... လှူရမှာပေါ့''

''သမီးအခုလို မကျွတ်လွတ်ရတာလည်း ချစ်ရတဲ့လူတစ်ယောက်
အပေါ်အစွဲအလမ်းတွေလွန်ပြီး ဖြစ်ခဲ့ရတာပါ''

''အမေ မသိချင်ယောင်ဆောင်နေပေမယ့် တချို့တစ်ဝက်တော့ သိပြီး
ပါပြီကွယ်၊ မောင်ဖော်ဦး မဟုတ်လား''

သူမ မျက်နှာလေးတစ်ချက်ညှိုးသွားသည်။ ဘာမှပြန်မပြော။

''အမေ သမီးသွားတော့မယ်''

''သမီး အမေ့ကို ဘာမှပေးမသွားတော့ဘူးလား''

''အမေနဲ့အတူ တစ်ရွာလုံး ကိုယ့်ငွေကြေးကိုပြန်ရပြီးကြပြီပဲ လော





...တ်ပါတော့၊ လောဘပိုလွန်းရင် အများတွေ့တတ်ပါတယ်၊ အခု အမေတို့ဆီ
...တ်ဆက်ရအောင်လာခဲ့တာ၊ အမေတို့ ကျန်းကျန်းမာမာနေနိုင်ပါစေလို့
...တောင်း လိုက်ပါတယ်''

ထိုသို့ပြောကာ အိမ်ရှေ့မှထွက်ခွာသွားလေသည်။

''သမီးလေးရယ်''

မိန်းမဖြစ်သူရဲ့ညည်းသံကြောင့် ကိုမင်းယာ လန့်နိုးသွားသည်။
...က်လုံးကြောင့်၍ ကယောင်ကတမ်းတွေပြောနေသည့် မိန်းမအား ...

''ဘာဖြစ်ပြန်ပြီလဲကွာ၊ မင်းရဲ့စိတ်အစွဲအလမ်းကိုလည်း ဖျောက်မှပေါ့
...ကောင်းအောင်နေကွာ''

''ကိုမင်းယာ သမီးလေး သွားပြီ''

မျက်ရည်တွေဝေ့ကာပြောတဲ့ မိန်းမကို ကိုမင်းယာက ...

''သွားပါစေကွာ၊ သူ့အတွက် အကောင်းဆုံး တို့တွေလုပ်ပေးကြတာ
...ပြီ''

''သမီးလေးရယ်''

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍
...က်ရည်များကျကာနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## သူတင်ကိုယ်တင်လောင်းမည့်နေ့

သားကြီးကျော်ဟိုးနှင့် တပည့်များ၊ ရှာသားများမှာ အရက်မတတ်... ကတည်းက သည်ကွက်လပ်သို့ရောက်နေခဲ့ကြသည်။ သည်တစ်ချီတော့ ရှုံးသူ... အောလိုက်မည်ဆိုသော အတွေးတွေကကိုယ်စီ။

နေအထွက်တွင် ဦးချမ်းသာ ကတ္တီပါအိတ်ကိုင်ကာ ဆင်းလာလိမ့်မည်... နောက်တိုင်တွင် ချိတ်မည်။ ထိုအချိန်မှစကာ ထိုအိတ်ကိုမည်သူမှ ထိကိုင်ခွင့်... မရှိတော့။ ဦးမင်းယာတို့လင်မယားထံမှ ယူဆောင်လာမည့်ပေါက်ကောင် သတင်း... ကိုစောင့်ရမည်။ သတင်းရလျှင် ရချင်း ဒိုင်တွေဆီမှာ ဖြတ်ပိုင်းတွေဖြတ်ရမည်... ကွက်တိမှန်ခဲ့သည်မှာ သုံးပတ်ရှိသွားပြီမို့ ယခု အပတ်တော့ အေးအေးဆေး... ပင်။ ဘာမှစိုးရိမ်ပူပန်စရာမလို။

သားလတ်နှင့် သမီးငယ်တို့ရောက်လာသည်။ ထူးထူးခြားခြား ဖေ... ပါလာခြင်းအတွက်တော့ တချို့က ထူးဆန်းသလိုဖြစ်နေသည်။ သူတို့ မေ... တွေအားလုံးမျက်နှာတွေက မသာမယာ၊ သည်တစ်ပတ်သည် အလျော်ကြီး... ရှိသမျှစည်းစိမ်ပြုတ်သွားနိုင်သည် မဟုတ်ပါလား။

ဓိရင့်အောင်စာဝေ



နေထွက်ပြီ ... ။

အားလုံး၏ မျက်လုံးတွေက ဦးချမ်းသာထွက်လာမည့် အိမ်တံခါးဝသို့သာ ...စိုက်ကြည့်နေကြသည်။ အချိန်တိကျသော ဦးချမ်းသာ။ အလုပ်တိကျသော ဦးချမ်းသာ။

နေက တဖြည်းဖြည်းမြင့်တက်လာသည်။

ဦးချမ်းသာ မမြင်ရသေး။

"အဖေ ဘုရားဝတ်ပြုနေလို့နောက်ကျနေတာလား"

သားလတ်က တီးတိုးရေရွတ်လိုက်သည်။

"ဖလပ် ... ဖလပ် ... ဖလပ်"

အိပ်တန်းပေါ်မှ ခုန်ဆင်းလာသော ဒေါင်းကြီး။ သူ့ကိုဘယ်သူမှ ...သိမဝင်စားတော့။

မြင်နေရဖန်များ၍ပေပင်။

နေတော်တော်မြင့်သွားပေပြီ။

အစအနပင်မမြင်ရသေး။ ထိုကဲ့သို့ တစ်ခါမှမဖြစ်ဘူး။

"ဝင်ကြည့်ရင်ကောင်းမယ်ထင်တယ်"

သူတို့ ဆွေမျိုးသားချင်းအားလုံး အိမ်ထဲဝင်လာကြသည်။ အဖေပေါက်... ...ကာင်ထည့်သော အခန်းက သီးခြား။ ဘုရားခန်း၏ တောင်ဘက်။

"ဒုန်း ဒုန်း ... ဒုန်း ဒုန်း"

"အဖေ ... အဖေ ... အဖေ"

သားကြီးကျော်ဟိုးအော်ခေါ်သည်။ အတွင်းမှ ပြန်ထူးသံထွက်မလာ။

"အဖေ ... အဖေ ... ကျွန်တော်တို့ပါ၊ တံခါးဖွင့်ပါဦး"

ထူးခြားမှု တစ်စုံတစ်ရာပြန်မရ။

ဓိရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဒုန်း ... ဒုန်း"

"အဖေ အထဲမှာ တစ်ခုခုဖြစ်နေပြီထင်တယ်"

'ဘယ်လိုလုပ်ကြမလဲ"

သားလတ်က အလွန်စိုးရိမ်သွားသည်။

"တံခါးဖျက်ဝင်မယ်ကွာ"

တပည့်တွေကို တံခါးဖျက်ခိုင်းသည်။ ကျွန်းတံခါးကြီးမို့တော်တော် ဖျက်ယူရသည်။

တံခါးပွင့်သွားလေပြီ။

"အဖေ ... အဖေ"

အခန်းတွင်းကြမ်းပြင်ပေါ်တွက် ခွေခွေလေးလဲကျနေသည့် ဦးချမ်းသာ ကတ္တီပါအိတ်လေးကိုရင်ခွင်ပိုက်လျက် ကျစ်ကျစ်ပါအောင်ဆုတ်ထားသည်။ မွေးရာကကြည့်တော့ အသက်မရှိတော့။

"လုပ်ပါဦး ကျွန်တော့်အဖေ အသက်မရှိတော့ဘူး"

"အမလေး ကယ်ကြပါဦးတော့်"

"အဖြစ်ဆိုးလှချည်လား အဖေရဲ့"

"အဖေ နှလုံးသွေးရပ်သွားတော့ဖြစ်မယ်"

အားလုံး အုန်းအုန်းကျွတ်ကျွတ်ငိုယိုကြတော့သည်။ မမျှော်လင့်ဘဲ ဖြစ်ခဲ့ရသောအရာ အဖေစိတ်ထိခိုက်သွားလို့လား။ ရွာသားတွေသိတော့ အားလုံး စုတ်တသပ်သပ်။ သေခံုး၍ ကြေကွဲခြင်းထက် မလောင်းလိုက်ရသောအဖြစ်က ပိုကဲနေသည်။

စားပွဲပေါ်တွင် ဦးချမ်းသာလက်ရေးနှင့်ရေးထားသော စာတစ်စောင် ကိုတွေ့ရသည်။





ယင်းမှာ ...

လောင်ကစား...ိုတာ ...

နိုင်ပြန်တော့လည်း လောဘ...ပင်တိုင်ကိုဆင်းရဲရတယ်။

ရှုံးပြန်တော့လည်း ကိုယ်ကျင့်သိက္ခာပျက်တတ်လို့

ဒုက္ခရောက်ရတတ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com

## ကျွတ်စေလွတ်စေ

ကျောက်စက်ကန်ရွာဦးကျောင်းရှိ ဆွမ်းစားဆောင်ပေါ်တွင်ဖြစ်သည်။ ရွာသားတော်တော်များများက ဆရာတော်ဘုရား၏တရားတော်ကိုနာယူနေကြသည်။

"လူတိုင်းလူတိုင်း နှလုံးသွင်းရမှာက
ငါ၏အသက်ရှင်ခြင်းသည်
အမြဲမရှိပါတကား။
ငါသည်မုချမသေ
သေရမှာ အမှန်ပါတကား။
ငါ၏အသက်ရှင်ခြင်းသည်

သေခြင်းသာလျှင် အခဲ့ရှိပါတကား _ ဆိုတဲ့ မရဏာနုဿတိလေးကို အမြဲပွားနေရမှာဖြစ်တယ်။ မြကြေးမုံလေးဆို ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးရှာတယ်။ ဦးချမ်းသာဟာ နှလုံးရပ်သွားခဲ့တယ်။ ဖိုးသုန်နဲ့ကျော်တင့်ကတော့ ရေကန်မှာ ရေနစ်ပြီးဆုံးရှာပေါ့။



BURMESE CLASSIC .com



တစ်ယောက်တစ်မျိုးစီဆိုပေမယ့် အားလုံးသေခြင်းတရားကိုပဲ ဦးတည်နေကြတာမဟုတ်လား ...

အခုဆို သုံးဆယ့်ခြောက်ကောင် မရှိတော့သလို၊ ရွာသူရွာသားတွေကလည်း အလုပ်ကိုဖြောင့်ဖြောင့်တန်းတန်း လုပ်ကုန်ကြပြီ။ ကိုင်းဘယ်လောက်အားရစရာကောင်းလိုက်သလဲ ...

လယ်ထဲဆင်းသူဆင်း၊ ယာထဲဆင်းသူဆင်း၊ ငါးရှာသူရှာ၊ မွေးမြူရေးလုပ်သူတွေလည်း တက်တက်ကြွကြွ၊ ဘုန်းကြီးတော့ တော်တော်စိတ်ချမ်းသာသွားပြီ ...

ကိုင်း ... ကိုင်း ... အခုသေသူတွေကိုအကြောင်းပြုပြီး ဆွမ်းစားဆောင်ကြီးတစ်ဆောင် စုပေါင်းဆောက်လုပ်တဲ့လှူဒါနကြောင့် မကျွတ်မလွတ်တဲ့လူများရှိရင် ကျွတ်အောင်လွတ်အောင်၊ ကျွတ်လွတ်ပြီးသားလူတွေကလည်း ကောင်းရာသုဂတိဘုံကိုရောက်အောင် ဒီကနေ့ ဒီနေရာမှာ ရေစက်ချအမျှအတန်းဝေကြရအောင် ...

ဘုန်းကြီးရှေ့ကတိုင်ပေးမယ် အားလုံးရေစက်ခွက်လေးတွေကိုင်ပြီး နောက်ကလိုက်ဆိုကြ"

"တင်ပါ့ဘုရား"

ဘုန်းကြီးကရှေ့မှတိုင်ပေးသည်။

ဒကာ ဒကာမတွေနောက်မှလိုက်ရွတ်သည်။

အဆုံးသတ်တွင် ...

"အားလုံးကြားကြား သမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်"

"သာဓု ... သာဓု ... သာဓု"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကြားကြား သမ္မာ အမှု အမှု အမှု ယူတော်မူကြပါကုန်သော်"

"သာဓု ... သာဓု ... သာဓု"

"အားလုံးကြားကြား သမ္မာ အမှု အမှု အမှု ယူတော်မူကြပါကုန်သော်"

"သာဓု ... သာဓု ... သာဓု"

"ဒီနေရာမှာ ဒကာဒကာမတွေကို ဘုန်းကြီးအလေးအနက်ထားပြီး ပြောချင်တာက လောင်းကစားဆိုတဲ့ကိစ္စပါ၊ လောကမှာ လူသတ္တဝါလောက် လောဘကို အတောမသတ်နိုင်တာ မရှိဘူး။

လိုချင်တဲ့ရမ္မက်လောဘက တော်တော်ကိုဆိုးပါတယ်။ ဘုန်းကြီး တခြားမပြောချင်ဘူး။ ကျောက်စက်ကန် တစ်ရွာလုံးရဲ့ ကံကြမ္မာအနေအထားကို ပဲကြည့်၊ တစ်ရွာလုံးဟာ သုံးဆယ့်ခြောက်ကောင်ဆိုတဲ့ လောင်းကစားပေါ်မှာပဲ အာရုံကိုနှစ်ထားကြတာ၊ မနက်မိုးလင်းလာရင် ဒီစိတ်၊ ညမိုးချုပ်တော့လည်း ဒီစိတ်ပဲ၊ ဘာအလုပ်ကိုမှ မယ်မယ်ရရ လုပ်ချင်ကြတော့တာမဟုတ်ဘူး။

ဒိုင်တွေကလည်း အသိဉာဏ်နည်းနည်းမှု၊ ဗဟုသုတနည်းတာတွေအပေါ် အခွင့်ကောင်းယူပြီး မက်လုံးတွေပေး၊ မြှူဆွယ်တာတွေအမျိုးမျိုးလုပ်ပြီး သူတို့ စီးပွားရေး၊ သူတို့ဥစ္စာနေတိုးတက်ရေးတွေလုပ်ခဲ့တာပဲ မဟုတ်လား။

ကိုင်း ... ရွာသားတွေဘက်ကလည်း ကိုယ်လိုချင်တာတစ်ခုထဲကိုပဲ ကြည့်တယ်၊ ပြန်ပေးလိုက်ရတာကို ဘယ်တော့မှ ခေါင်းထဲမထည့်ဘူး လိုချင်တာပဲသိတယ်၊ ပြန်မရမှာကို ထည့်မတွက်ဘူး။ ဘယ်လောက်တောင် လောဘတွေများလိုက်သလဲဆိုတာသာကြည့်ပေတော့၊ အဲဒီအထဲကမှ အထင်ရှားဆုံး လူနှစ်ယောက်ကို ဘုန်းကြီး ဥပမာပေးပါ့မယ်၊ ကျန်တဲ့





သူတွေလည်း သက်ရှိထင်ရှားရှိနေသေးတာကို ...

တစ်ယောက်ကတော့ ဦးမင်းယာကိုကြည့်၊ သမီးလေးနေမကောင်းလို့ ဆေးဖိုးရှာထားတဲ့ငွေလေးကို သုံးဆယ့်ခြောက်ကောင်ထိုးပစ်ခဲ့ကိစ္စ ... ဘယ်လောက်ကြေကွဲစရာကောင်းလဲ၊ ဆေးဆရာကြီးက စာနာစိတ်နဲ့ ဆေးပေးလိုက်ပေမယ့် သမီးရဲ့အသက်ကို မမီတော့တဲ့အခါ၊ အရင်ဆွေးနွေးက[illegible]ကြည်းက သူဘယ်လောက်ဝေဒနာခံစားနေရမယ်ဆိုတာ အဖေ[illegible]နေ့နဲ့ သိသင့်တယ်၊ ဒါဟာ လိုချင်သူရဲ့လောဘ ...

နောက် မပေးချင်သူရဲ့လောဘကျပြန်တော့လည်း [illegible]စ်မျိုးဆိုးပြန်ရော၊ အဲဒါ တခြားသူမဟုတ်ဘူး၊ ခုလတ်တလော ဆုံးသွားတဲ့ ဦးချမ်းသာကိုမြင်တိုင်းပဲ ...

ပေါက်ကောင်တွေ ခဏခဏပေါက်လာတော့ လျော်ရတာ[illegible]လျော်ရတော့ ဥစ္စာပစ္စည်းတွေ ကုန်လာတယ်၊ ကုန်လာတော့ ဆုံးရှုံးခြင်းဆိုတဲ့[illegible]တွေ ယောက်ယက်ခက်လာတယ်၊ စိတ်မချမ်းမြေ့မှုတွေများလာတော့ နှလုံးရောဂါရတော့တာပဲ၊ နောက်တော့ အသက်ဆုံးရှုံးရတဲ့အထိ ဖြစ်သွားခဲ့တာပဲလေ၊ ကိုင်း ပြောကြစမ်းပါဦး၊ နှစ်ဦးနှစ်ဖက်စလုံးကောင်းကြရဲ့လား"

"မကောင်းပါဘူးဘုရား"

"လောင်းကစားလုပ်တာရော ကောင်းရဲ့လား"

"မကောင်းပါဘူးဘုရား"

"ဘုရားကောကြိုက်လား"

"မကြိုက်ပါဘူးဘုရား"

"နတ်ကော ကြိုက်လား"

"မကြိုက်ပါဘူးဘုရား"



www.burmeseclassic.com

"မကြိုက်ရင်ဘာလုပ်ရမလဲ"

"ရှောင်ကျဉ်ရပါမယ်ဘုရား"

"သင်ခန်းစာဆိုတာ ယူတတ်မှရမှာနော်၊ နောင်တဆိုတာ နောင်မှ ရတတ်တာမျိုး၊ သိရင် ပြင်မယ်၊ မြင်ရင်ကောင်းတဲ့ဘဝကို ရောက်မှာပေါ့ ဟုတ်ပြီလား"

"မှန်ပါ့ဘုရား"

"ဘုန်းကြီးနောက်တစ်ခါထပ်သတိပေးမယ်၊ လောင်းကစားမှန်သမျှ ဟာ"

"မကောင်းပါဘူးဘုရား"

"မကောင်းမှန်းသိရင် ဘာလုပ်ရမလဲ"

"ပြင်ရပါမယ်ဘုရား"

"ပြင်ရင်ဘာဖြစ်မလဲ"

"လမ်းကောင်းလမ်းမှန်ကိုရောက်ပါမယ်ဘုရား"

ပြီး။

ဖျော်ကော်ဒို

ဝေဖန်အကြံပြုစာများမျှော်လင့်လျက်
ရဲရင့်အောင်စာပေ (စာတည်းအဖွဲ့)
အမှတ်(၂၅)၊ အရှေ့မြို့ပတ်လမ်း
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၄၀၁၃၆၄၊ ၀၁ ၇၃၁၁၃၉၀၉

---

ရဲရင့်အောင်စာပေ